


# အမြင်မှန်နှစ်မျိုး

**သ ဒ္ဓါ ရ ဒု က္ခ**

၂၉၄

ဟောကြားသည့်နေ့
၂၃ – ၆ – ၆၁

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၁၂) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

0271

THITSARPARAMI LIBRARY
Date

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# အမြင်မှန်နှစ်မျိုး
## (သင်္ခါရဒုက္ခ)

ဟောကြားသည့်နေ့
(၂၃-၆-၆၁)

Date

စာမူခွင့်ပြုချက်အမှတ် - ၅၈၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၅

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# အမြင်မှန်နှစ်မျိုး
# (သစ္စါရဒုက္ခ)

ဟောကြားသည့်နေ့ (၂၃-၆-၆၁)

သမ္မာဒိဋ္ဌိနှစ်ခုကိုတဲ့၊ ဒကာ ဒကာ်မတွေ နားလည်အောင် ရှင်းပြမယ်နော် . . . သမ္မာဒိဋ္ဌိဘယ့်နှယ်ကြောင့်ရှင်းရပါလိမ့်မလဲလို့ ဒကာ ကာမတွေကမေးကြလို့ရှိရင် သမ္မာက=မှန်ကန်တာ၊ ဖြောင့်မတ်တာ၊ ဒိဋ္ဌိက=မြင်တာဆိုတော့ ဩော် . . . မျက်စိနှစ်ကွင်း အလင်းရတဲ့ တရားပါလား မှတ်ရမယ် . . . (မှန်ပါ)။

## အမှန်မြင်နှစ်မျိုး

သမ္မာဒိဋ္ဌိကို ဒကာ ဒကာမတို့ နှစ်မျိုးလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတော်မူတယ်လို့ မှတ်ထားပါနော်။

သမ္မာဒိဋ္ဌိ ဘယ်နှစ်မျိုးဟောပါလိမ့် . . . (နှစ်မျိုးဟော ပါတယ်ဘုရား)။

သမ္မာက မှန်ကန်တာ၊ ဖြောင့်မတ်တာ၊ ဒိဋ္ဌိက မြင်တာ ဩော် . . . ဒါဖြင့် အမှန်မြင်နှစ်မျိုးကို ယနေ့ထူးထူးခြားခြား သိရမှာပါကလားလို့ မောင်နိုင်တို့မှတ်ရမယ်နော် . . . (မှန်ပါ)။

အမှန်မြင်က ဒကာ ဒကာမတို့နှစ်မျိုးရှိတယ်တဲ့၊ ဝိပဿနာ အားထုတ်တဲ့ ပုဂ္ဂိုလ်များမှာ ကိုင်း . . . ဒါဖြင့် အမှန်မြင်ဆိုတာက ဖြစ်ပျက်သင်္ခါရမြင်တာက တစ်မျိုး၊ နိဗ္ဗာန်မြင်တာက တစ်မျိုး၊ နှစ်မျိုးရှိတယ်လို့ မှတ်ကြစမ်းပါ . . . (မှန်ပါ)။

(၁) ဖြစ်ပျက်သင်္ခါရမြင်တာက. . . (တစ်မျိုးပါ)၊ (၂) နိဗ္ဗာန်မြင်တာက. . . (တစ်မျိုးပါဘုရား)၊ ဩော် . . . ဒါဖြင့် အမှန်မြင် ဘယ်နှစ်မျိုးရှိပါလိမ့်. . . (နှစ်မျိုးရှိပါတယ်ဘုရား)။

ဖြစ်ပျက်မြင်တဲ့ ဉာဏ်က ဒကာ ဒကာမတွေ မှက်ထားပါ နိဗ္ဗာန်မမြင်ဘူး . . . (မှန်ပါ)၊ နိဗ္ဗာန်မြင်တဲ့ဉာဏ်က ဒကာ ဒကာမ တို့ ဖြစ်ပျက်ကိုမမြင်ဘူး . . . (မှန်ပါ)၊ ဒါဖြင့် အမြင်ဘယ်နှစ်မျိုး ပါလိမ့်. . . (နှစ်မျိုးပါဘုရား)။

မှတ်ထားပါတဲ့ ဒီဥစ္စာ၊ အြော်. . . ငါတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့်၊ အပါယ်လေးပါး တံခါးပိတ်တဲ့အလုပ် လုပ်ပြီး သကာလ နေကြတာ၊ အမြင်နှစ်ခုကို ထူးထူးခြားခြား ခွဲခြားဝေဖန် ပြီး သိထားမှသာလျှင် တို့သည်ကား ၁-နံပါတ်အမြင်၊ ၂-နံပါတ် အမြင်ဆိုတဲ့ အမြင်နှစ်ခုရှိတာကို အလုပ်သမားတွေအတွက်မှာ ဖြင့် မောင်နိုင်၊ အရေးတကြီးမှတ်ရမယ် . . . (မှန်ပါ)။

၁-နံပါတ်အမြင်နဲ့ ၂-နံပါတ်အမြင် ဒကာ ဒကာမတို့ အမြင်ဘယ်နှစ်မျိုးပါလိမ့် . . . (နှစ်မျိုးပါဘုရား)၊ နှစ်မျိုးလို့မှတ် ထားပါနော်. . . (မှန်ပါ)။

## ဖြစ်ပျက်အနိစ္စမြင်မှာပဲ

ခန္ဓာကိုယ် ဉာဏ်စိုက်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့၊ ခန္ဓာက ဝေဒနာက္ခန္ဓာကပဲ ဒကာ ဒကာမတွေပြောပြော၊ ဝိညာ ဏက္ခန္ဓာ ဆိုတဲ့ စိတ်ကပဲပြောပြော၊ ပြောချင်တာပြောတဲ့ ဒကာ ဒကာမတွေ အမြင်တော့ဖြင့် ဖြစ်ပျက်အနိစ္စမြင်မှာပါပဲ. . . (မှန်ပါ)၊ ဝေဒနာမတွေ့ပါဘူး၊ စိတ်မတွေ့ပါဘူး၊ ရှုဖန်များလာတဲ့ အခါကျတော့ ဝေဒနာရယ်လို့ ရှုလိုက်၊ ဖြစ်ပြီးပျက်တဲ့ အနိစ္စ၊ ဒုက္ခ အနတ္တ တွေတွေ့လိုက်၊ စိတ်ကယ်လို့ရှုလိုက်ပြန်လည်း မောင်နိုင်. . . ဘာတွေ့သလဲ. . . (ဖြစ်ပျက်အနိစ္စပဲ တွေ့ပါ တယ်ဘုရား)။

## သင်္ခါရဒုက္ခမြင်တာ

ဖြစ်ပျက်ပဲ တွေ့တယ်ဆိုတော့ ဩော်. . . ဒါသည်ကား . . . လို့ဆိုလို့ရှိရင်ဖြင့် သင်္ခါရဒုက္ခမြင်တာကိုး. . . (မှန်ပါ)။

ဘာမြင်ပါလိမ့်(သင်္ခါရဒုက္ခပါဘုရား) သင်္ခါရ ဒုက္ခမြင်တာတဲ့ ဒကာ ဒကာမတို့နော် . . . သင်္ခါရဒုက္ခကိုမြင်နေပြီ၊ ဒီအမြင် သည်ကားလို့ဆိုလို့ရှိရင်လည်း၊ မှတ်လိုက်ဦးဘုရင်းတို့က သာသနာတွင်းမို့ မြင်တာ . . . (မှန်ပါ)။

အမြင်ကတော့ အမြင်မှန်ပဲ သူလည်း . . . (မှန်ပါ)၊ အမြင်တော့အမြင်မှန်ပဲလို့ စိုဝတို့လည်း မှတ်စမ်းပါ။ ဒီနေရာဖြစ် ဒီနေရာပျောက်သွားတာကလေးမြင်လိုက်လို့ရှိရင်ဖြင့် ဉာဏ်မြင်နော်. . . (မှန်ပါ)၊ မနောဒွါရနဲ့မြင်တာလို့ မှတ်ထားစမ်းပါ. . . (မှန်ပါ)။

မနောဒွါရနဲ့မြင်တာ၊ အဲ့ဒီတော့ ဒီနေရာယားတယ်၊ ဒီနေရာကလေးပဲ ပျောက်သွားတယ်၊ ဒီနေရာနာတယ် . . . ဒီနေရာကလေးပဲပျောက်သွားတယ်. . . အင်း. . . ဒါသည်ကား လို့ဆိုရင် သင်္ခါရဒုက္ခမြင်တာလို့၊ မောင်နိုင်မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

ဘာမြင်တာပါလိမ့်. . . (သင်္ခါရ ဒုက္ခမြင်တာပါဘုရား) သင်္ခါရဒုက္ခဆိုတာက မှန်တယ်တဲ့၊ ဒုက္ခဆိုတာကလဲ မှန်တယ်တဲ့ နော် . . . (မှန်ပါ)။

## သင်္ခါရဆိုတာ

သင်္ခါရဆိုတာက သူများပြုပြင်လို့၊ အကြောင်းတရားက ပြုပြင်လိုက်လို့ ယားတယ်ဆိုလို့ရှိရင်၊ ပိုးကောင်ကလေး တက်လို့လည်း ယားတတ်တယ်။ ချွေးဆိုတာ ထွက်ချင်လို့လည်း ယားတတ်တယ်၊ မိတ်ကလေးပေါက်လို့လည်း ယားတတ်တယ် ဆိုတော့ မောင်နိုင်၊ တစ်ခုခုနဲ့ ထိခိုက်တာတော့ အထင်အရှား . . . (ထင်ရှားပါတယ်ဘုရား) တစ်ခုခုက ပြုပြင်လို့ ပေါ်လာသော ကြောင့် သူ့ကို ယားတဲ့သဘောကလေးဟာ သင်္ခါရလို့ မှတ်ပါ . . . (မှန်ပါ)။

သူဟာ ဘာတုံးဆိုတော့ ခန္ဓာထဲမှာပေါ်တဲ့ ဝေဒနာက္ခန္ဓ ဖြစ်နေသောကြောင့် ခန္ဓာက ဒုက္ခသစ္စာ၊ သူ့ကိုက ဒုက္ခသစ္စာ . . . (မှန်ပါ)။

ယားတာကလေးဟာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာ ပါဘုရား)၊ ယားတာကလေးဟာ ဒုက္ခသစ္စာဆိုတော့ သြော်. . . သင်္ခါရ ဒုက္ခဆိုတာ မောင်နိုင် ပေါင်းမိပလား. . . (မှန်ပါ ပေါင်းမိ ပါပြီဘုရား)၊ သင်္ခါရဆိုတာက သူ့ကို မပြုပြင်ဘဲနဲ့ ဦးဘရှင်း ပေါ်ပဲ့ မလား. . . (မပေါ်ပါဘုရား)။

## ခန္ဓာထဲကဘာပေါ်ပေါ် ဒုက္ခသစ္စာ

ဒါဖြင့် ပြုပြင်လို့ ပေါ်လာသောကြောင့် သူ့ကို ဘာခေါ် ကြမယ် . . . (သင်္ခါရပါဘုရား)၊ သင်္ခါရလို့ ခေါ်တယ်။ သို့သော် သူလည်း ဘာခန္ဓာတုံးမေးတော့ ဝေဒနာက္ခန္ဓာပဲ. . . (မှန်ပါ)။

ဝေဒနာက္ခန္ဓာဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒကာ ဒကာမတွေ ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါ ကျလို့ရှိရင်ဖြင့်၊ ဒီခန္ဓာထဲက ဘယ်ခန္ဓာပေါ်ပေါ် ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

## သင်္ခါရဒုက္ခပါ

ဩော် . . . ဒါဖြင့် ဒကာ ဒကာမတွေ ရှင်းရှင်းကလေး နားထဲမှာ ထောင်ပါ။ ဩော် . . . သင်္ခါရ ဒုက္ခပါကလား၊ ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

ဘာတဲ့တုံး-(သင်္ခါရတရားပါဘုရား)၊ သင်္ခါရ ဒုက္ခ၊ ပြုပြင်လို့ ပေါ်သောကြောင့် သင်္ခါရနော် . . . (မှန်ပါ)၊ ပေါ်တဲ့ခန္ဓာက ဒုက္ခသစ္စာဖြစ်လေသောကြောင့် ဒုက္ခပဲ . . . (မှန်ပါ)၊ ဒါဖြင့် သင်္ခါရ ဒုက္ခ၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဩော် . . . သင်္ခါရ ဒုက္ခဆိုတာ၊ သင်္ခါရဆိုတာက သူတစ်ပါးပြုပြင်လို့ပေါ်တဲ့ ယားမှုကလေး ဒကာကြီးလှိုင် . . . (မှန်ပါ)၊ ဒုက္ခဆိုတာက ခန္ဓာပေါ်လာလို့ ဒုက္ခသစ္စာ . . . (မှန်ပါ)၊ ဒါဖြင့် သင်္ခါရဒုက္ခသစ္စာ သစ္စာနောက်မှ ပိတ်လိုက်တာပေါ့နော် . . . (မှန်ပါ)။

## ကြိုးစားရှုစမ်းပါဆိုတာ

ဘာဒုက္ခတဲ့တုံး. . . (သင်္ခါရ ဒုက္ခပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတွေ ရှိခိုင်းပြီးသကာလနေတော့ ဦးဘရှင်း ကြိုးစား ရှုစမ်းပါ၊ ဒကာကြီးလှိုင် ကြိုးစားရှုစမ်းပါ၊ ကိုဝတို့ ကြိုးစားရှုစမ်းပါ လို့ ဘုန်းကြီးရောက်တိုင်း၊ အိမ်ဆွမ်းစားရောက်တဲ့ အခါကျတော့ လုပ်ကြရဲ့လားဟေ့. . . နှလုံးသွင်း ကြရဲ့လားဟေ့. . . သင်္ခါရ ဒုက္ခ အကြည့်ခိုင်းတာ . . . (မှန်ပါ)။

ကိုပေါ် ဘာအကြည့်ခိုင်းတာတုံး. . . (သင်္ခါရ ဒုက္ခ အကြည့်ခိုင်းတာပါ)။

သင်္ခါရက သူများပြုပြင်လို့ ပေါ် လာတဲ့ဝေဒနာ, စိတ်ဖြင့် လည်း သူများပြုပြင်လာလို့ ပေါ် လာတဲ့စိတ်. . . (မှန်ပါ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

အဲ့ဒီတော့ သူများပြုပြင်လို့ ပေါ် လာသောကြောင့် သူ့ကို သင်္ခါရလို့ပဲ ခေါ် လိုက်၊ ပေါ် တဲ့ တရားကလေးကို. . . (မှန်ပါ)၊ ခန္ဓာဖြစ်နေသောကြောင့် သူ့ကို ဘာသစ္စာဖွဲ့မလဲ. . . (ဒုက္ခ သစ္စာပါ)။

အဲ. . . ဒါဖြင့် နှစ်ခုပေါင်းလိုက်တဲ့အခါကျတော့ သင်္ခါရ ဒုက္ခ. . . (မှန်ပါ)၊ ဒုက္ခသစ္စာ ထည့်ချင်လည်းထည့်၊ မထည့်ချင် လည်း တိုတိုပြောချင်တော့ သင်္ခါရဒုက္ခ. . . (မှန်ပါ)၊ ရှင်းကြ ပလား. . . (ရှင်းပါပြီ)။

## မင်္ဂ၏ရှေ့ပြေးမြင်တာလို့မှတ်

ဘာဒုက္ခသစ္စာတုံး. . . (သင်္ခါရဒုက္ခသစ္စာပါဘုရား)၊ အဲဒီ သင်္ခါရဒုက္ခမြင်တာက မဂ်၏ရှေ့ပြေးမြင်တာလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)၊ လောကုတ္တရာမဂ်၏ ရှေ့ပြေးမြင်တာ။

သူမြင်ရင် ဒကာ ဒကာမတွေက ဩော်. . . ဒါဖြင့် တစ်သံသရာလုံးနောက်က ဆိုးခဲ့တော့တဲ့ ကံတွေကိုလည်း ဖြတ်တော့မှာပဲ၊ သူလာလို့ရှိရင်. . . (မှန်ပါ)၊ ဒီဘဝ မသိမလိမ္မာလို့ မိုက်ထားတဲ့ အကုသိုလ်အကြွေးတွေကိုလည်း၊ အင်း. . . သင်္ခါရဒုက္ခသိတဲ့ ဉာဏ်က ရှေ့ပြေးလာပြီ၊ ဒီကြွေးတွေ အကုန်ပြေးပြီသကာလ အပါယ်တော့ဖြင့် ခန္ဓာနဲ့ မဆပ်ရတော့ဘူးလို့ မှတ်ပါ. . . (မှန်ပါ)၊ ဒါ ရှေ့ပြေးမဂ်လို့ခေါ်ကြတယ်. . . (မှန်ပါ)။

ဒကာ ဒကာမတို့ ဘယ်လိုခေါ်ကြမယ်. . . (ရှေ့ပြေးမဂ်လို့ ခေါ်ပါတယ်ဘုရား)။

## သင်္ခါရဒုက္ခမြင်ရင် ရှေ့ပြေးမဂ်

ဦးဝရေ. . . သင်္ခါရဒုက္ခမြင်ရင် ဘာတဲ့တုံး. . . (ရှေ့ပြေးမဂ်ပါဘုရား)။

အဲ. . . စာလိုသုံးတော့ ပုရေစာရိယ သမ္မာဒိဋ္ဌိ၊ မဟာစတ္တာလီသသုတ်မှာ လာပါတယ်။ လုပ်လဲလုပ်ကြပါ၊ လုပ်တဲ့စခန်းချည်းပဲ ရှင်းအောင်ပြောနေတာလို့ ဦးဘဲရှင်း သေသေချာချာ

မှတ်ပါ. . . (မှန်ပါ)၊ ဒီပြင်တရား ပါသေးသလား. . . (မပါပါ ဘုရား)။

မပါပါဘူးတဲ့၊ အလုပ်စခန်းမှာ ရှင်းဖို့ပဲ အရေးကြီးနေတော့ ဒီပြင်တရားက ကိုဝတို့. . . ကိုပေါ်တို့က သေသေချာချာ မှတ်ပါ၊ ဒီဟာလုပ်ဖို့ အခြံအရံတရားချည်းပဲမှတ်ပါ. . . (မှန်ပါ)။

ဒါနတရား ဘုန်းကြီး ဟောတတ်ပါတယ်တဲ့၊ ဟောလိုက်ရင်လဲ အင်မတန်ကျေးဇူးများအောင်ပဲ ဟောတတ်ပါတယ်၊ သို့သော်လဲ သူ့ကိုတွေ့ဖို့ အခြံအရံတရား. . . (မှန်ပါ)။

## သစ္စာရဒုက္ခမြင်မှု၏ အခြံအရံ

သီလတရားကို ဟောလိုက်ပြန်လို့ရှိရင်လဲ အင်မတန်ပဲ သီလဆောက်တည်ချင်လာအောင် ဘုန်းကြီးတို့ ဟောတတ်ပြောတတ်၊ ဆိုတတ်ပါတယ်၊ သီလကျေးဇူးကိုလဲ များအောင် ပြောတတ်ပါတယ်၊ သို့သော်လဲ ဒီဟာမြင်ဖို့ အခြံအရံတရား. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

သမထတရားတွေ ဟောလိုက်မယ်ဆိုလို့ရှိရင်လဲ ဟောတတ်တာပဲတဲ့၊ ဒကာ ဒကာမတွေနားလည်မှုကို ပြောတတ်ပါတယ်၊ ဆိုတတ်ပါတယ်၊ သို့သော်လဲတဲ့ ဒီဖြစ်ပျက်မှု၏၊ သစ္စာရ ဒုက္ခမြင်မှု၏ အခြံအရံပဲရှိသေးတယ်. . . (မှန်ပါ)။

ဪ. . . ဒီပြင် ဟာတွေက အခြံအရံအားပေးမှု လောက်ရှိတာပါကလား၊ တကယ်ပန်းဝင်အစစ်ကဖြင့် လှေပြိုင် လှည်းပြိုင်မှာ ပန်းဝင်ပြီး၊ ပန်းဆွတ်တဲ့ဥစ္စာကဖြင့် သင်္ခါရဒုက္ခ စ-တွေ့မှပဲ. . . (မှန်ပါ)၊ ကျေနပ်ကြပလား. . . (ကျေနပ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ သင်္ခါရဒုက္ခဆိုတဲ့ဥစ္စာ စားချင်တဲ့စိတ် ကလေးပေါ်လာတယ်ဆို၊ စားစရာမရှိဘဲနဲ့ ပေါ်ပါ့မလား. . . (မပေါ်ပါဘုရား)။

## စားချင်တဲ့စိတ်ကလေး

ဒါဖြင့် သူ့ကို စားချင်တဲ့စိတ်ကလေးဟာ ခန္ဓာပဲ မဟုတ် လားကွ. . . (မှန်ပါ) စိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာပဲ မဟုတ်လား . . . (မှန်ပါ)၊ သူက စားစရာအာရုံကြောင့် ပေါ်လာသောကြောင့် သူ့ကို သင်္ခါရလို့ကောမဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ် ဘုရား)။

စားစရာအာရုံက ပြုပြင်လိုက်လို့ပေါ်လာတာ. . . (မှန်ပါ)၊ ညှော်နံ့လို့ ထမင်းဆာလာတယ်၊ ဥပမာ ညှော်တည်း ဟူသော အကြောင်းကြောင့် ဆာလောင်မွတ်သိပ်တဲ့ လောဘ စိတ်ကလေး မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် သူ့ကို ဘာတရားကလေးခေါ်မယ်၊ ဒီစိတ်ကလေးကို (သင်္ခါရတရားပါဘုရား)၊ သင်္ခါရတရားလို့ပြော. . . (မှန်ပါ)၊ သို့သော် သူက ခန္ဓာဖြစ်နေသောကြောင့် ခန္ဓာဆိုလို့ ရှိရင်ဖြင့် ဘာသစ္စာဖွဲ့ကြမယ်. . . (ဒုက္ခသစ္စာပါဘုရား)။

## သင်္ခါရဒုက္ခသစ္စာ

ဒါဖြင့် ဒီစားချင်တဲ့စိတ်ကလေးကို နှစ်ခုပေါင်းလိုက်တော့ (သင်္ခါရဒုက္ခသစ္စာပါဘုရား) သင်္ခါရဒုက္ခသစ္စာလို့ခေါ်ချင်ခေါ်၊ သင်္ခါရဒုက္ခလို့ တိုတိုသုံးချင်သုံး. . . (မှန်ပါ)။

ဒကာကြီးလှိုင် ကလေးတွေသင်သလို သင်တာနော် . . . (မှန်ပါ)၊ ကလေးတွေသင်သလို သင်ပြီးသကာလ၊ ဩော် . . . သင်္ခါရဒုက္ခပဲ၊ ဒါဖြင့် ခန္ဓာထဲပေါ်သမျှ ကိုဝတို့၊ ကိုပေါ်တို့က မှတ်လိုက် သင်္ခါရချည်းပဲ. . . (မှန်ပါ)။

## ခန္ဓာထဲဘာပေါ် ပေါ်သင်္ခါရဒုက္ခ

ခန္ဓာထဲ ဘာပဲပေါ်ပေါ် . . . (သင်္ခါရဒုက္ခပါဘုရား) သင်္ခါရဒုက္ခချည်းလို့ မှတ်လိုက်ကြစမ်းပါ . . . (မှန်ပါ)။

အဲဒီဒုက္ခကို ခင်ဗျားတို့ ဆရာဘုန်းကြီးကပြလို့ မြင်ပလား၊ ဒါကလေးဟာ အခုယားလာတယ်၊ စားချင်တဲ့

စိတ်ကလေးပေါ်လာတယ်၊ အင်း . . . ဒါကလေးတွေ ဘာကလေးပါလိမ့်မတုံးလို့ ခင်ဗျားတို့အလုပ်ခွင်ကျတော့ တွေးလိုက်တာပေါ့၊ အလုပ်ခွင်မရောက်လို့ရှိရင်လဲ ထိုင်ရင်း ထမင်းစားတော့မယ်ထိုင်ရင်း သင်္ခါရဒုက္ခပေါ်ပဟာလို့ သိလိုက် တာပေါ့ . . . (မှန်ပါ)။

အဲဒီလို သင်္ခါရဒုက္ခကို ကျုပ်တို့နဂိုကမသိခဲ့ဘူး၊ အခုတော့ သင်္ခါရဒုက္ခပေါ်လာရင်ပဲ နောက်ကအသိဉာဏ် ကလေးက မလိုက်ဘူးလား . . . (လိုက်ပါတယ်ဘုရား)။

အဲဒီသမ္မာဒိဋ္ဌိသည် လောကုတ္တရာမဂ်ပေါ်မလို့ ရှေ့ပြေး အမြင်လို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ)။

## သောတာပန်ဖြစ်ဖို့ ရှေ့ပြေးအမြင်

ဩော် . . . ရှေးပြေးအမြင်၊ ဒါ . . . အင်မတန်အရေး ကြီးပါကလား၊ လောကုတ္တရာ သောတာပတ္တိမဂ် ပေါ်တော့မလို့ သောတာပန်ဖြစ်တော့မလို့၊ ရှေ့ပြေးအမြင်လို့ မှတ်လိုက်စမ်း ပါ(မှန်ပါဘုရား)ကိုပေါ် သေချာပလား . . . (သေချာပါပြီ)။

အင်း . . . သင်္ခါရဒုက္ခမြင်ရင် မဂ်၏ရှေ့ပြေးအမြင်လို့ မှတ်လိုက် . . . (မှန်ပါ)၊ သောတာပန်တည်တော့မည့် ပုဂ္ဂိုလ်၏ ရှေ့ပြေးအမြင်လို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ)။

သင်္ခါရဒုက္ခမြင်လို့ရှိရင် ဘယ့်နှယ်ဆိုကြမယ် . . . (ရှေ့ပြေးအမြင်ပါ) ဘယ်သူ၏ရှေ့ပြေးတုံးမေးတော့ . . . (သောတာပတ္တိမဂ်၏ရှေ့ပြေးပါ) သောတာပတ္တိမဂ်၏ ရှေ့နားက မြင်တဲ့အမြင်လို့ ကိုဝ . . . ရှင်းထားလိုက် . . . (မှန်ပါ)။

ဒါဖြင့် . . . သောတာပတ္တိမဂ်ရှေ့နားမှာ သောတာပတ္တိမဂ်တော့ မဟုတ်သေးဘူးတဲ့ သမ္မာဒိဋ္ဌိတော့ သမ္မာဒိဋ္ဌိပဲနော် ရှေ့ပြေးသမ္မာဒိဋ္ဌိ . . . (မှန်ပါ့) မောင်နိုင် ရှင်းပလား (ရှင်းပါပြီ)။

နောက်က ဒကာ ဒကာမတွေ ဘာတဲ့ . . . (ရှေ့ပြေးသမ္မာဒိဋ္ဌိပါဘုရား)၊ ရှေ့ပြေးသမ္မာဒိဋ္ဌိ။

ဒါဖြင့် . . . ဒီအမြင်ရလို့ရှိရင် ဘုန်းကြီးများက ချီးမြှောက်ပြောတယ်လို့မယူနဲ့၊ဘုရားဟောတာအမှန်ကိုပြောနေတဲ့အတွက်၊ ဒီအမြင်နဲ့ သေရင်လည်း အပါယ်မသွားဘူး . . . (မှန်ပါ)။

## ဒီအမြင်နဲ့ သေရင်လည်းသုဂတိ

ဒီအမြင်နဲ့ သေရင်လည်း . . . (အပါယ်မသွားပါဘုရား)၊ အပါယ်မသွားဘဲနဲ့ သုဂတိသွားပြီး ရောက်ရောက်ခြင်း ခုနင်က မဂ်အစစ်မြင်လာတာပဲ . . . (မှန်ပါ)၊ ဒီတော့ အမြင်လည်း သေးသေးသိမ်သိမ်အမြင်လို့ အားလုံးဒကာ ဒကာမတွေက မယူဘဲနဲ့ တယ်ကောင်းတဲ့ အမြင်ပါကလား . . . (မှန်ပါ)။

အဲ့ဒီတော့ ခန္ဓာကိုယ်ကို ဒကာ ဒကာမတွေ စောင့်ကြည့်လိုက်တဲ့အခါကျတော့ ကိုဝတို့၊ ကိုပေါ်တို့၊ အင်း . . ယားလာလို့ရှိရင်လည်း သမုဒယသစ္စာပေါ်ပဟလို့သာ နှလုံးသွင်းလိုက်ဟုတ်လား . . . (မှန်ပါ)၊ နာလာရင်ကော . . . (သမုဒယသစ္စာပေါ်ပဟပါ) စားချင်တဲ့စိတ်ကလေးပေါ်လာရင် (သမုဒယသစ္စာပေါ်တာပါဘုရား) အိပ်ချင်တဲ့စိတ်ကလေးပေါ်လာရင် . . . (သမုဒယသစ္စာပေါ်တာပါ)။

## ပေါ်သရွေ့သမုဒယသစ္စာ

ပေါ်သရွေ့ဘယ်နှယ့်ဆိုကြမလဲ . . . (သမုဒယသစ္စာပေါ်တာပါဘုရား)။

အင်း . . . ခန္ဓာထဲက တောင့်တင်းလာတဲ့ သမုဒယသစ္စာ၊ မူးဝေလာတယ် ဆိုတာကော . . . (သမုဒယသစ္စာပါဘုရား)။

အဲဒီသမုဒယသစ္စာက ရွေ့ကမြင်တဲ့ ဉာဏ်ကလေးကသြော် . . . သမုဒယသစ္စာလို့ ပြောတာ မြင်တဲ့ဉာဏ် . . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ အဲဒီအမြင်ဆိုလို့ရှိရင်ဖြင့် သစ္စာနုလောမိကဉာဏ်လည်း ဖြစ်ပါပြီ မောင်နိုင်ရာ. . . (မှန်ပါ)၊ မဂ်၏ရှေ့ပြေးဉာဏ်လည်း. . . (ဖြစ်ပါတယ်ဘုရား)။

ဖြစ်ပါပြီလို့ သေသေချာချာမှတ်ပါ၊ ဒီအမြင်ဟာဘယ်လောက်ကြီးကျယ်တဲ့ ဉာဏ်အမြင်လည်းလို့ ဦးဘရှင်းက

မေးလို့ရှိရင်ဖြင့်၊ သံသရာဖြတ်တဲ့အမြင် . . . (မှန်ပါ)၊ မှတ်မိကြပလား. . . (မှန်မိပါပြီ)။

## သံသရာဖြတ်တဲ့အမြင်

ဘာအမြင်ပါလိမ့် . . . (သံသရာဖြတ်တဲ့အမြင်ပါဘုရား) သံသရာဖြတ်တဲ့အမြင်ဆိုတော့ သံသရာရှေ့သွားရမည့် ဒုက္ခစက်ရဟတ်ကြီးကို ပြတ်တဲ့အမြင် . . . (မှန်ပါ)။

သံသရာရှေ့သွားရမည့် ဒုက္ခစက်ရဟတ်ကြီးကို . . . (ပြတ်တဲ့အမြင်ပါဘုရား)။

ပြတ်တဲ့အမြင်ဆိုတော့ ဒီအမြင်ကို ကိုဝတို့က သေးသေးသိမ်သိမ်သာမညကုသိုလ်ကလေးလို့ ယူမလား၊ အကြီးအကျယ်ကုသိုလ်လို့ ယူမလား . . . (အကြီးအကျယ်ကုသိုလ်ပါဘုရား)။

## သစ္စာနုလောမိကဉာဏ်

သေသေချာချာ မှတ်ကြပါ ဒကာ ဒကာမတို့ နားမလည်လည်အောင်ကို ပြောနေတယ်နော် . . . (မှန်ပါ)။

ဩော် . . . ဒီအမြင်သည် ဝိပဿနာအမြင်လည်း ဟုတ်ပါ၏၊ ရှေ့ပြေးသမ္မာဒိဋ္ဌိအမြင်ဆိုလည်း ဟုတ်ပါ၏၊ သစ္စာနုလောမိကဉာဏ်ဆိုလည်း ဟုတ်ပါ၏လို့ပဲ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ)၊ ဒါ. . . နာမည်သုံးခုတပ်ထားတာ ပြောင်းနေတာ အတူတူပဲ. . . (မှန်ပါ)။

မဂ်၏ ရှေ့ပြေးအမြင်ဆိုရင်ကော . . . (ဟုတ်ပါတယ်ဘုရား)၊ ဟုတ်တာပဲတဲ့။

ကဲ . . . ဒါဖြင့် ဒကာ ဒကာမတွေက ဝိပဿနာအမြင်ဆိုရင်ကော . . . (ဟုတ်ပါတယ်ဘုရား)၊ ဟုတ်နေပြီနော် . . . (မှန်ပါ)။

ကောင်းပြီ၊ ပဋိစ္စသမုပ္ပာဒ်ပြတ်တဲ့ အမြင်ဆိုရင်ကော . . . (ဟုတ်ပါတယ်ဘုရား)။

ကောင်းပြီတဲ့ အင်မတန်ဒီအမြင်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့်၊ အဖိုးတန်တဲ့အမြင်ဆိုတာ တရားတစ်ပွဲလုံးကပဲဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် အဲဒီအမြင်ရှိတဲ့ ပုဂ္ဂိုလ်သာလျှင် လိုက်ချွတ်တာဗျ. . . (မှန်ပါ)၊ ဒီအမြင်မပါတဲ့ ပုဂ္ဂိုလ်ကို . . . (မချွတ်ပါဘုရား)။

## ဘုရားကမချွတ်မနေရတဲ့အမြင်

ဒါက သံသရာများရှည်နေကြတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ရှိရင်လည်း ဒီအမြင်သူဘယ်တုံးက မြင်ဘူးပါလိမ့်ဆိုပြီးသကာလ၊ ဒီအမြင်ကို မြတ်စွာဘုရားက "ဒိဗ္ဗစက္ခုနဲ့ စေတောပရိယအဘိညာဏ်နဲ့ တစ်ခါတည်းတွေးရရှာတယ်၊ သူ ဘယ်တုန်းကများ ဒီအမြင်ကလေး တစ်ခါမြင်ဘူးပါလိမ့်မတုန်း . . . လို့ဟာ

. . . ဘယ်တုံးက မြင်ဘူးတယ် ဆိုတော့မှ အဲဒီအမြင်ကလေး ရှိတဲ့ ပုဂ္ဂိုလ်ဆီကျတော့ မြန်မြန်ကြွတာပဲ. . . (မှန်ပါ)၊ နောက် မင်္ဂပေါ်ဖို့ရာ သူကူတော့မှာကိုး. . . (မှန်ပါ)၊ လောကုတ္တရာ မဂ်ပေါ်ဖို့ ကူတော့မယ်၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီအမြင်ဟာ ဘုရားက မချွတ်မနေရတဲ့ အမြင် . . . (မှန်ပါ)၊ ကိုယ်ဟာကိုယ်လည်း ကျွတ်နိုင်တဲ့အမြင် . . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ဒီအမြင်သည် . . . (ဘုရားက မချွတ်မနေရတဲ့အမြင်ပါ) ဘုရားက ဒီအမြင်ရှိတဲ့ပုဂ္ဂိုလ်ကို မချွတ်မနေနိုင်ဘူး . . . (မှန်ပါ)၊ သဘောပါပလား . . (ပါပါပြီ)၊ ကိုယ့်ဟာကိုယ်လည်း ကျွတ်တမ်း ဝင်မည့်အမြင်ဆိုရင်ကော . . . (မလွဲပါဘုရား)။

## စူဠပန်ရဟန်းဟာ သိပ်ဉာဏ်ထိုင်းတယ်

အဲ . . . ဒီလိုဆိုတော့ ဘုန်းကြီးသက်သေသာကေ ပြပါမယ်တဲ့ ခင်ဗျားတို့ ဂါထာလေးတစ်ဂါထာ၊ စူဠပန်ဆိုတဲ့ ရဟန်းဟာ သူ့အစ်ကိုက ဂါထာကလေးတစ်ဂါထာတည်း၊ တစ်ဂါထာဆိုတာ အက္ခရာရှစ်လေးလုံးလီပါတဲ့ ၃၂လုံးရှိတယ်၊ အဲဒါ တစ်ဝါတွင်းကျက်တာ မရဘူးတဲ့ စာကလေး ၃၂-လုံးကို။

ကိုဝ . . . ဘယ်လောက်ဉာဏ်ထိုင်းသတုံး . . . (ထိုင်းပါတယ်ဘုရား)၊ စူဠပန်ဟာ သိပ်ဉာဏ်ထိုင်းတယ်တဲ့။

သို့သော်လည်း ဘုရားသခင် ကိုယ်တော်မြတ်ကြီးက၊ သူ့အစ်ကိုကတော့ မင်းလူထွက်ပါတော့ကွာ သာသနာတော်မှာ နေလို့အလကားပါပဲ၊ မင်းလိုလူဟာ သာသနာကြီးပွားမှာမဟုတ်ပါဘူး၊ ထွက်ရပ်လမ်းလည်းပေါက်မှာ မဟုတ်ပါဘူး။ သွားတော့ ဆိုတော့ သူမှိုင်ပြီးငိုနေတယ်၊ သာသနာတော်မှာလည်း ပျော်ရဲ့၊ သူ့ဉာဏ်ကလည်း မထိုးထွင်းနိုင်တော့ ဦးဘရှင်း၊ အစ်ကို ဩဇာကို ကြောက်ပြီးသကာလ၊ သူ့စိတ်ထဲမှာ အင်မတန် ဆုတ်နစ်တဲ့စိတ် ဖြစ်နေတယ်။

## ရှင်ဘုရင်ဖြစ်စဉ်ကပိတ်ဖြူ

သို့သော် ဘုရားက ကြည့်တယ်၊ ဒီအမြင်ကလေးများ ပါရဲ့လားလို့ ကြည့်လိုက်တယ်၊ ကြည့်လိုက်တဲ့အခါကျတော့၊ ဟို. . . ဘဝများစွာ သံသရာက ဆင်ဝေါ်မှာ ဆင်စီးပြီးသူ ရှင်ဘုရင်ဖြစ်စဉ်အခါတုန်းက ပိတ်ဖြူကလေးနဲ့ မောင်နိုင် မျက်နှာသုတ်တဲ့အခါကျတော့ နဂိုအဖြူကလေးဟာ ချွေးနဲ့ထိ သွားတဲ့အခါကျတော့ ညိုရောင် မည်းရောင်ကလေးတော့ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ဒီအဖြူကလေးဟာလည်း အမြဲတမ်း မဟုတ်ဘူး၊ အဖြူကလေးဟာလည်း အဖြူပျက်သွားတာပဲလို့ ဆိုတာ တစ်ချက်တည်းထင်ဘူးတယ်. . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## သင်္ခါရဒုက္ခတစ်ချက်မြင်ဘူးတယ်

အဲဒါ ဘဝများစွာ တစ်သံသရာလုံး၊ ကိုဝ တစ်ချက်ထင်ဘူးတယ် . . (မှန်ပါဘုရား)။

အဖြူကလေးဟာ ညိုမည်းကလေးဖြစ်သွားတယ်၊ မမြဲလို့ဘဲဆိုတာကလေး. . . သင်္ခါရဒုက္ခကလေးတစ်ချက်မြင်ဘူးတယ်. . . (မှန်ပါ)။

အဲဒီကျတော့မှ အဲဒီတုန်းကဟာ တွေးပြီးသကာလ ဩော် . . သူအစ်ကိုလည်း အထွက်ခိုင်းနေပြီ သူကလည်းဉာဏ်လေးလိုက်တာလွန်လို့ . . . (မှန်ပါ)၊ ဟိုကလည်း စရိုက်မသိလို့ဖြစ်နေဟာ . . . (မှန်ပါဘုရား)။

## ပိတ်ဖြူကလေး လက်နှင့်လှိမ့်နေပါ

စရိုက်မသိတော့ ဘာပေးရမှန်းမသိဘူး. . . (မှန်ပါ)၊ ဒီစာပဲအကျက်ခိုင်းနေတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက၊ ကဲကွာ . . , မင်းကြာလှတယ်၊ မင်းလူလဲမထွက်နဲ့၊ မင်းအစ်ကိုကအထွက်ခိုင်းပေမယ့် ငါကမထွက်ရဘူးလို့ပြော . . . ဆိုပြီးသကာလ၊ ဘုရားကပိတ်ဖြူကလေး တန်ခိုးနဲ့ဖန်ဆင်းပြီးသကာလ ဒါကလေးကို လက်နဲ့လှိမ့်နေကွာ။

## နဂိုအဖြူရောင်က ညှိုမည်းသွားတယ်

ပိတ်ဖြူကလေး ဟို . . . ကျုပ်တို့ဗိုင်းတောင့်ကလေးလို ပေါ့ဗျာနော် . . . ယက်ဖောက်ကလေးလိုပေါ့၊ ကိုဝ . . . ဒီလို ပွတ်ပြီးလှိမ့်နေတော့ သူနဂိုထင်ဘူးတာကလေးက ဒီမှာကျေးဇူး ပြုထားတယ် . . . (မှန်ပါ)။

နဂိုအဖြူကလေး အခုဘာဖြစ်သွားသတုံး . . (ညှိုမည်း သွားပါတယ်)၊ ညှိုမည်းသွားတဲ့ အမိပ္ပာယ်ကလေးမရောက် ဘူးလား . . . (ရောက်ပါတယ်ဘုရား)။

## စူဠပန်ရဟန္တာဖြစ်တယ်

အဲဒီတွင်မှ အဲဒီကနေပြီး ဩော် . . . ဒီဗဟိဒ္ဓပစ္စည်း လည်း ဒီလိုပဲ၊ ခန္ဓာထဲမှာလည်း ဘယ်တရားမဆို ဒီလိုဖြစ်ပြီး ဒီလိုဖောက်ပြန်ပျက်စီးတာချည့်ပဲဆိုတာ၊ သင်္ခါရဒုက္ခသွားတွေး လိုက်တယ်. . . (မှန်ပါ)၊ အဲဒီအချိန်ကျမှ သူသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဖြစ်တယ်. . . (မှန်ပါ)။

ကိုင်း . . . ဘုရားက ဒီလိုပုဂ္ဂိုလ်မှကိုဝရဲ့ လည်ဟောရ တော့. . . (မှန်ပါ)၊ ဒီသင်္ခါရဒုက္ခ တစ်ကြိမ်မှမမြင်ဘူးတဲ့ ပုဂ္ဂိုလ် ကျတော့ ဘုရားဉာဏ်ထဲမှာ မပေါ်လာဘူး. . . (မှန်ပါ)၊ ရှင်းကြ ပါလား. . . (ရှင်းပါပြီဘုရား)။

## သစ္စာရဒုက္ခမြင်မှလူ့ဖြစ်ကျိုးနပ်တယ်

ဪ. . . ဒါဖြင့် ဒီ့ သစ္စာရမမြင်သေးလို့ရှိရင်ဖြင့် လူဖြစ်ရကျိုးကို မနပ်သေးဘူး. . . (မှန်ပါ)၊ သာသနာတွင်း တရားလဲ ဉာဏ်ထဲမရောက်သေးဘူး. . . (မှန်ပါ)၊ မဆိုထိုက် ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် အရေးတကြီးပြောနေပါတယ်ဆိုတာကိုလဲ ခင်ဗျားတို့မှတ်ကြစမ်းပါ . . . (မှန်ပါ)။

ခန္ဓာထဲ သစ္စာရဒုက္ခတစ်ချက်ကို မမြင်ဘူးတဲ့ပုဂ္ဂိုလ် ဘုရားလည်း တွေ့လည်းမတွေ့ဘူးလို့ ကိုပေါ်မှတ်လိုက်. . . (မှန်ပါ)၊ ရှောင်သွားရမှာပဲ။

ဘုရားနဲ့တွေ့ပေမယ့်လည်း ဘုရားက သူ့ကိုဘာမှ နှုတ်ဆက်မယ်လဲမဟုတ်ဘူး၊ တရားထူးသွားမေးလိမ့်မယ်လို့ လည်း မောင်နိုင် ရည်ရွယ်ချက်မရှိဘူးတဲ့. . . (မှန်ပါ)၊ ဘာကြောင့်တုံးဆိုတော့ သူ့မှာ ဥပနိဿယဆိုတဲ့ အားကြီးသော သစ္စာရဒုက္ခမြင်တဲ့ တစ်ချက်မရှိဘူးတဲ့ . . . (မှန်ပါ)၊ မရှိတဲ့ပုဂ္ဂိုလ်ကျတော့လည်း သွားလည်းမသွားဘူး . . . (မှန်ပါ)၊ တွေ့ပြန်လည်းအများထဲ၊ ဪ. . . ဘုရားကတွေ့တဲ့ ပုဂ္ဂိုလ်လည်း ကြည်ညိုရုံပဲ တတ်နိုင်တယ်. . . (မှန်ပါ)၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရအောင် သူထိုးထွင်းမလာဘူး. . . (မှန်ပါ)၊ သဘော ကျပလား . . . (ကျပါပြီဘုရား)။

## တို့မရ ရအောင် လုပ်ထားမယ်

ဒါဖြင့် ဒီနေ့ ဒီအမြင်ကလေးဟာ အလွန်အရေးကြီးတဲ့ . . . အမြင်ဖြင့် တို့မရ-ရအောင် လုပ်ထားမယ်ဆိုတာ တရားတစ်ပွဲလုံး ဆုံးဖြတ်ချက်ချကြပါ . . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကဲ . . . ဒကာဒကာမတို့ ဒီအမြင်ကလေးဟာ ဘယ်လောက်အဖိုးတန်တယ်ဆိုတာ . . . (တန်ပါတယ်ဘုရား)၊ မဂ်၏ရှေ့ပြေးအမြင် . . . (မှန်ပါ)၊ သမ္မာဒိဋ္ဌိ . . . (အမြင်ပါဘုရား)၊ ဝိပဿနာကော . . . (အမြင်ပါဘုရား)၊ ကိုင်း . . . ကိုဝ. . . ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒီအမြင်မရှိတဲ့ ပုဂ္ဂိုလ် ဒီဘဝနိဗ္ဗာန်ဝင်အသာထားစမ်းပါဦး၊ ဘုရားနဲ့တွေ့တဲ့အခါတောင်မှ ဒီအမြင်မပါတဲ့ပုဂ္ဂိုလ်ကို ဘုရားသည် ရှောင်ကွင်းသွားတယ် . . . (မှန်ပါ)။

ဒကာ ဒကာမတို့ ကိုယ်ကျိုးမနည်းဘူးလား . . . (နည်းပါတယ်ဘုရား)၊ ဒီအမြင်မပါရင်လေ . . . (ရှောင်ကွင်းသွားပါတယ်ဘုရား)။

## ဘုရားချွတ်နိုင်တဲ့အမြင်

အဲဒီတော့ အခုဘုန်းကြီးဟောမှာက ဒီ ဒကာ ဒကာမတွေ၊ ဒီအမြင်လည်း မြင်အောင်လုပ်ကြပါ၊ လုပ်တဲ့ပုဂ္ဂိုလ်လည်း လုပ်နေကြတဲ့ ပုဂ္ဂိုလ်လည်းမြင်နေကြပါပြီ၊ မလုပ်သေးတဲ့ ပုဂ္ဂိုလ်ကလည်း ဒီအမြင်တော့ ရအောင်လုပ်ပါ၊ ဒီအမြင်ဟာ မဂ်ရတော့မည့်အမြင်ပေါ့. . . (မှန်ပါ)၊ ဘုရားချွတ်နိုင်တဲ့ အမြင်ပေါ့၊ ဘုရားနဲ့တွေ့လည်းပေါ့လေ. . . (မှန်ပါ)။

ဟာ . . . ကိုယ်ဟာကိုယ် ဆက်ကြိုးစားမယ်ဆိုလို့ရှိရင်လည်း၊ ဒီဘဝပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရမယ့်အမြင်ပေါ့. . . လို့ ဒကာကြီးလှိုင် သေသေချာချာ မှတ်ဗျ . . . (မှန်ပါ) အားတော့ မလျော့ကြနဲ့ . . . (မှန်ပါ)။

ဘာကြောင့်တုံးလို့မေးတဲ့အခါကျတော့ ဥပရိပဏ္ဏာသပါဠိတော် မဟာစတ္တာလီသသုတ်မှာ လာပါတယ်။ "ပုရေစာရိက သမ္မာဒိဋ္ဌိ"ကွတဲ့၊ ပုရေကရှေ့၊ စာရိက က ကျင့်တာ၊ သမ္မာဒိဋ္ဌိက အမှန်အကန် မြင်တာ၊ သဘောကျပလား . . . (ကျပါပြီ)။

## မဂ်၏ရှေ့ပြေးမြင်တဲ့အမြင်

အဲ . . . မဂ်၏ ရှေ့ပြေးမြင်တဲ့ အမြင်ပါလားကွတဲ့ ဒီအမြင်ကို သေးသေးသိမ်သိမ်လို့ မမှတ်ပါနဲ့၊ လောကုတ္တရာမဂ် ကပ်နေပြီတဲ့ . . . (မှန်ပါ)။

ကဲ . . . ဒကာ ဒကာမတို့ ဘယ်လောက်အားရှိစရာ ကောင်းသတုံး . . . (ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဒီအမြင်ကလေးမှ မရလို့ရှိရင်ဖြင့် မသေနဲ့ဦးဆို တာတောင် ပြောဖို့ဝတ္တရားရှိတယ် . . . (မှန်ပါဘုရား)။

## မသေပါနဲ့ဦး

ဒီအမြင်မရသေးခင်. . (မသေနဲ့ဦး) ၊မသေပါနဲ့ဦးဆိုတာ တောင် ပြောဖို့ဝတ္တရားရှိပါတယ်တဲ့၊ ဒီအမြင်ရလို့ သေရင် ဒုတိယဘဝ နတ်ပြည်ရောက်ပြီးသကာလ၊ နတ်ပြည်ရောက်မှန်း မသိခင် မဂ်ကအရင်ပေါ်မယ်. . . (မှန်ပါ)၊ ဒါလောက်ကျေးဇူး များမယ်. . . (မှန်ပါ)။

ဟာ. . . ဒါဖြင့် နက်ဖြန်ဘုရားပွင့်မယ်ဆိုလို့ရှိရင်လည်း ဒီအမြင်ရှိပြီးသားပုဂ္ဂိုလ်ဟာ ဉာဏ်ထဲလာထင်တယ် . . . (မှန်ပါ)၊ သူ့ကိုအရင်ချွတ်ရမယ်၊ နို့မဟုတ်ရင်ဉာဏ်ထဲကို မထင်လာဘူး . . . (မှန်ပါ)။

ဉာဏ်ဆိုတာ ကို၀ မှတ်ထားနော် . . . အင်မတန်ကြီး ကျယ်တဲ့ မှန်ကြီးကို ဒီကနေထောင်လိုက်လို့ရှိရင်ဖြင့်၊ အမြင့်ကနေထောင်လိုက်လို့ရှိရင်ဖြင့် လေယာဉ်ပျံပေါ်က ပြဒါးသုတ်တဲ့ မှန်ကြီးပြမယ်ဆိုပြီး၊ ဒီမြို့ဟာ တစ်မြို့လုံးအိမ်တွေဟာ မပါတဲ့ အိမ်ရှိဖို့ အတော်ခဲယဉ်းတယ်၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

လေယာဉ်ပျံပေါ်ကနေသာ ရိုက်စမ်းပါ၊ ဒီမြို့မှာရှိတဲ့ လူတွေလည်း မပါတဲ့လူဟာအတော်ရှားမယ် . . . (ရှားပါတယ်) အိမ်တွေကော . . . (ပါပါတယ်ဘုရား)။

## ဘုရားဉာဏ်ထဲမှာ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်

အဲ. . . ဘုရားဉာဏ်ထဲမှာ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်ဟာ ဒီလေယာဉ်ပျံမှန်ကြီးလိုပဲ ချိန်ထားတယ် . . . (မှန်ပါ)၊ ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ် ဒီထဲအရိပ်ဝင်တယ်. . . (မှန်ပါ)။

အဲဒီသွားထင်တယ်. . . (မှန်ပါ့) သဗ္ဗညုတဉာဏ်မြင်ပြီးတဲ့ ပုဂ္ဂိုလ်မှ ဒီထဲသွားထင်တယ်၊ သူ့ဉာဏ်မှန်တော်ကြီးထဲမှာ သွားထင်တယ်. . . (မှန်ပါ)။

အဲဒီပုဂ္ဂိုလ်ဆီကိုဖြင့် တစ်ခါတည်း ဆွမ်းမစားရချင်နေပါစေ . . . သွားလိုက်တာပဲ၊ ကိုယ်တော်မြတ်ကြီးနေမကောင်းဘူးဆိုရင် နေမကောင်းပေမယ့် ငါနေမကောင်းတာ အရေးမကြီးဘူး၊ သူကျွတ်တမ်းဝင်ဖို့အရေးကြီးတယ် . . . (မှန်ပါ)။

သူ. . . နေမကောင်းလို့ ပရိနိဗ္ဗာန်စံလည်း သူ့မှာ ဘယ်လမ်းမှ သွားစရာမရှိတော့ဘဲ နိဗ္ဗာန်စခန်းသာရှိတော့တာကိုး. . . (မှန်ပါ)၊ သူ့ကို ငဲ့စရာရှိသေးရဲ့လား. . . (မရှိပါဘုရား)။

ဒါဖြင့် . . . ဒီဉာဏ်အမြင်ရှိတဲ့ ပုဂ္ဂိုလ်ဟာဖြင့် သူ့ဉာဏ်ဝမှာလာထင်တယ်ဆိုတာ မောင်နိုင်ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)၊ စူဠပန်ထောက်. . . (မှန်ပါ)။

စူဠပန်ထောက်တော့ သူ့အစ်ကိုလိုဖြင့် ဒီဂါထာမရတာနဲ့ လူထွက်တော့၊ မင်းအလကားပဲ သာသနာဘောင်မှာ ကျေးဇူးမများဘူးဆိုပြီး နှင်လို့ . . . မျက်ရည်တွေ ကျနေတယ်၊ ဟိုကဒီအမြင်မှန်းမသိဘူး . . . (မှန်ပါ)။

ဘုရားကတော့ ဒီသဗ္ဗညုတ ဉာဏ်တော်ကြီးက ဉာဏ်မှန်တော်ကြီးကရှိနေတော့ ကိုဝ. . . စူဠပန်အရိပ်ကို လာထင်တယ်. . . (မှန်ပါ)။

## ခန္ဓာထဲဉာဏ်လှည့်လိုက်တယ်

ဟာ. . . ဒီကောင် ဒီလိုပေးလိုက်ရင် ခဏလေးနဲ့ရမယ်ဆိုတာ၊ ဒါကလေးပွတ်ပြီး ဖြူတာ မည်းတာနဲ့ပဲ ခန္ဓာဉာဏ်လှည့်တော့ ဩော် . . . ဒီခန္ဓာထဲလည်း ဒီလို့ဟာချည့်ပါကလား. . . သင်္ခါရဒုက္ခချည်းပါလားဆိုပြီး၊ သင်္ခါရဒုက္ခကြည့်ဖန်များတော့ဆုံးသွားတယ်၊ ဆုံးသွားတော့ နိဗ္ဗာန်ရောက်တယ် . . . (မှန်ပါ)၊ သဘောပါပလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် မင်္ဂလာ ရွှေပြေး သမ္မာဒိဋ္ဌိဆိုတာ သေချာကြပလား (သေချာပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို၊ သာမည ဆိုလို့ရှိရင်၊ အဖိုးတန်တဲ့တရားဆိုလို့ရှိရင်လဲ အခုနာရီဝက် တိုင်တိုင် ကိုဝ . . . အပင်ပန်းခံမပြောပါဘူး . . . (မှန်ပါ)၊ ဒီဟာ ဘယ်လောက်အရေးကြီးတယ် ဆိုတာ ကိုသောင်တို့ပေါ်ပလား . . . (ပေါ်ပါပြီ)၊ ကိုဖူးညိုကြီးပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

## သင်္ခါရဒုက္ခမြင်အောင်ကြည့်ရမယ်

ဒါဖြင့် ဘာလုပ်ကြမလဲ သင်္ခါရဒုက္ခမြင်အောင် ကြည့်ရမယ် . . . (မှန်ပါ)၊ သဘောကျပလား (ကျပါပြီ)၊ နို့ . . . ခန္ဓာကိုယ် တစ်ကိုယ်လုံးမှာ ပေါ်လာသရွေ့၊ ရှိလေသရွေ့ဟာ ဘာတွေတုံး မေးကြရင် . . . (သင်္ခါရဒုက္ခပါဘုရား)။

ဩော် . . . ခင်ဗျားတို့က ဆရာကောင်းမရတော့ ကြောင်တောင်ကွယ်ဖြစ်နေလို့သာ သင်္ခါရဒုက္ခမတွေ့တာ . . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဆရာကောင်းမတွေ့တော့ ကြောင်တောင်ကွယ် ဖြစ်နေ တော့၊ မင်းဖြည်းဖြည်းမှနိဗ္ဗာန်ရမှာပေါ့ကွာဆိုပြီး သင်္ခါရဒုက္ခကို ထိုးမပြဘူး (မှန်ပါ)၊ မင်းဟာ တစ်စတစ်စ လုပ်ရမှာပဲဆိုတဲ့ ဆရာနဲ့ သွားတွေ့မယ်ဆိုတော့ ကိုဝ သွားရောပေါ့ . . . (မှန်ပါဘုရား)။

သင်္ခါရဒုက္ခဟာ ရှိတာလား မရှိတာလား . . . (ရှိတာပါဘုရား)။

နို့ . . . သင်္ခါရဒုက္ခ မြင်လို့ရှိရင်လည်း ဘုရားရှိရင်လည်း ဘုရား ဉာဏ်တော်ထဲမှာ ဒီပုဂ္ဂိုလ်အရင်ချွတ်ရမယ်. . . (မှန်ပါ)၊ ဘုရားမရှိတဲ့အခါကျလို့ရှိရင် သာသနာတွင်းရှိနေရင်၊ သင်္ခါရဒုက္ခနေပြီး ဆက်အားထုတ်တော့ သင်္ခါရဒုက္ခမြင်တဲ့မဂ်ပြီးတော့ကို နိဗ္ဗာန်မြင်တဲ့ မဂ်လာတာပဲ. . . (မှန်ပါ)၊ သင်္ခါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိနဲ့ပြီးတော့. . . (နိဗ္ဗာန်မြင်တဲ့သမ္မာဒိဋ္ဌိလာပါတယ်)၊ သမ္မာဒိဋ္ဌိနဲ့မဂ်ဟာအတူတူပဲ။

## သိန်းသန်းတန်ကျောက်မရရင် နေပါစေ

ကဲ ဦးဘရှင်း ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။ ဒါဖြင့် . . . ဒကာ ဒကာမတို့ ထမင်းမစားရချင်နေပါစေ၊ သိန်းတန်ကျောက်၊ သောင်းတန်ကျောက် မရချင်နေပါစေ၊ ဒကာဒကာမတို့ ဘာအရေးကြီးရမလဲ. . . (သင်္ခါရဒုက္ခမြင်ဖို့အရေးကြီးပါတယ်ဘုရား)။

အဲ . . . သင်္ခါရဒုက္ခမြင်ဖို့ရာဖြင့် အင်မတန်အရေးကြီးတယ်ဆိုတာမှတ်ပါ၊ သင်္ခါရဒုက္ခမမြင်တဲ့ပုဂ္ဂိုလ်များ အတွက်မှာ ဘုန်းကြီးပြောပါ့မယ်၊ ခင်ဗျားတို့ ဆုတောင်းနေတာတွေ ကြားပါ

တယ်၊ မေတ္တယျဘုရားပွင့်တဲ့အခါကျလို့ရှိရင် လက်ဦးစွာ ဖူးတွေ့ရပါလို၏ တစ်ချို့ပါတယ်. . . . (မှန်ပါ)၊ မပါဘူးလား . . . (ပါပါ တယ်ဘုရား)။

သစ္စါရဒုက္ခမမြင်ရဘဲနဲ့ တွေ့လို့ရှိရင်လဲ တွေ့ရုံပဲတဲ့ ကျွတ်တမ်းမဝင်ဘူး . . (မှန်ပါ)။

သစ္စါရဒုက္ခ ကိုယ်မဖြစ်ဘဲနဲ့ နေလို့ရှိရင် . . . (ကျွတ်တမ်း မဝင်နိုင်ပါဘုရား)။

ကျွတ်တမ်းမဝင်နိုင်ဘူးဆိုတော့ မရှုံးဘူးလား . . . (ရှုံးပါ တယ်ဘုရား)၊မတွေ့ဘူးလားဆိုတော့ တွေ့ချင်လဲ တွေ့မယ် . . . (မှန်ပါ)၊ တွေ့ပြီးသကာလ တစ်ခါတွေ့ကျိုး နပ်မနပ်ဝေဖန်ဦး . . . (မနပ်ပါဘုရား)၊ မနပ်ဖူးဆိုတာ၊ နောက်က ဒကာ ဒကာမ တွေ သေချာပလား . . . (သေချာပါပြီဘုရား)။

## သစ္စါရဒုက္ခကို မြင်စေချင်တယ်

အဲဒီတော့ ဩော် . . . ဘုန်းကြီးက ဒီနေ့ဘာအဓိက ထားပြီး သကာလ လိုရင်းပြောနေပါလိမ့်မတုံး ဆိုတာကော တရားတစ်ပွဲလုံး ရိပ်မိပြီ . . . (ရိပ်မိပါပြီ)၊ ဘာမြင်စေချင်တာတုံး . . . (သစ္စါရဒုက္ခမြင်စေချင်တာပါ)၊ ရှင်းပြီးနော်. . . (ရှင်းပါပြီ ဘုရား)။

သခ်ီရဒုက္ခ မြင်ဖို့ပဲအရေးကြီးတယ်၊ ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီး ဒါလောက်တောင် သယ်ယူပို့ဆောင်ပြီး သကာလ၊ ဒီဒကာ ဒကာမတွေ အရေးတကြီးဒီစကားလုံး သုံးပါလိမ့်မတုံးဆိုတော့ ဘုရားနဲ့ တွေ့လည်း သူမှကျွတ်နိုင်တာ . . . (မှန်ပ့ါ)၊ အခု သာသနာတွင်းမှာလည်း သူမှ လောကုတ္တရာ မဂ်ကိုရောက်အောင် ကျေးဇူးပြုနိုင်တယ်ဆိုတော့ သူ့အတွက် ဟာ ဘယ့်နှယ်ဆိုကြမလဲ. . . (အရေးကြီးပါတယ်ဘုရား)။

အကြီးတကာ့ အကြီးဆုံးမှာ ခင်ဗျားတို့ ဥပမာ လုပ်နေ တဲ့ ကျောက်တွေ၊ သံတွေမရချင် ကိစ္စမရှိဘူး၊ ထမင်းတော့ မငတ်ပါဘူး ကိုဝရေ. . . (မှန်ပါ)၊ သခ်ီရဒုက္ခ မတွေ့လိုက်တာ ကဖြင့် ဒုက္ခပင်လယ်ဝေလိမ့်မယ် . . . (မှန်ပ့ါ)၊ မဝေပေဘူးလား . . . (ဝေပါတယ်ဘုရား)။

## အိမ်ရောက်ရင် လုပ်ဖြစ်အောင်လုပ်

သခ်ီရဒုက္ခမြင်တဲ့ဉာဏ်သည် သံသရာပဋိစ္စသမုပ္ပါဒ်၊ နောက်လာမည့် ပဋိစ္စသမုပ္ပါဒ်လည်း သူဖြတ်တယ်. . . (မှန်ပါ)၊ မဖြတ်ဘူးလား . . . (ဖြတ်ပါတယ်ဘုရား)။

အဲဒီတော့ သခ်ီရဒုက္ခသည်ကားလို့ဆိုရင်၊ သခ်ီရဒုက္ခ မြင်တဲ့၊ သမ္မာဒိဋ္ဌိသည်ကားလို့ ဆိုလို့ရှိရင် ကိုဝ အရေးတကြီးပဲ အိမ်ရောက်ကြရင် လုပ်ဖြစ်အောင်လုပ်ပါ . . . (မှန်ပါ)။

တစ်ချက်မြင်မြင်၊ နှစ်ချက်မြင်မြင်၊ များများမြင်မြင် မြင်လေ ကောင်းလေပဲ . . . (မှန်ပါ)၊ များများမြင်ရင်တော့ဖြင့် တကယ့်လောကုတ္တရာမဂ် လာတော့မလို့သာ မှတ်ပေတော့ . . . (မှန်ပါ)၊ မောင်နိုင် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ ဒါ သင်္ခါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိသည် မဂ်၏ရှေ့ပြေး သမ္မာဒိဋ္ဌိ၊ လောကုတ္တရာမဂ်၏ ရှေ့ပြေးသမ္မာဒိဋ္ဌိ. . . (မှန်ပါ)၊ ရှင်းကြပြီနော်. . . (ရှင်းပါပြီဘုရား)။

## အသင်္ခတသုခ ကူးတော့မယ်

ကောင်းပြီ ဒါဖြင့် တပည့်တော်တို့ကလည်း အားလည်းထုတ်ပါပြီဘုရား . . ဒီသင်္ခါရဒုက္ခတွေလည်း ဟိုနေရာမှာ ဖြစ်လိုက် ပျက်လိုက်၊ ဒီနေရာမှာဖြစ်လိုက်ပျက်လိုက် ဝေဒနာလေးတွေရှုလည်း ဖြစ်ပျက်တွေ့ပါတယ်ဘုရား၊ စိတ်တွေရှုလည်း ဖြစ်ပျက်ပဲတွေ့ပါတယ်၊ အဲဒါ သင်္ခါရဒုက္ခတွေဖြင့် တပည့်တော်တို့ ကိုယ့်ဉာဏ်နဲ့ကိုယ် ပြောလာကြလို့ရှိရင်ဖြင့်တဲ့၊ ဒကာ ဒကာမတို့ သင်္ခါရဒုက္ခပြီးလို့ရှိရင် အသင်္ခတသုခကူးတော့မယ် . . . (မှန်ပါ)။

မှတ်မိပလား. . . (မှတ်မိပါပြီ)၊ သင်္ခါရဒုက္ခပြီးရင် (အသင်္ခတသုခ ကူးတော့ပါမယ်ဘုရား)။

ဩော် . . . ဒါဖြင့် သူ့ကို ဆုံးအောင်လိုက်၊ သင်္ခါရဒုက္ခ တွေတွေ့တာကို လာသရွေ့သာ သင်္ခါရဒုက္ခပဲ၊ သင်္ခါရဒုက္ခပဲ ဖြစ်ပျက်ပဲ၊ ဖြစ်ပျက်လို့ဆိုချင်ဆို ဒီလိုရှုလို့ရှိရင်ဖြင့် မောင်နိုင် . . . သင်္ခါရဒုက္ခ ဆုံးသွားလိမ့်မယ် . . . (မှန်ပါ)၊ မဆုံးပေဘူးလား . . . (ဆုံးပါတယ်ဘုရား)။

အဲ . . . သင်္ခါရဒုက္ခဆုံးလို့ရှိရင်ဖြင့် ရှေ့မဂ်ရှေ့ပြေး သမ္မာဒိဋ္ဌိကိစ္စ ကိုဝတို့၊ ကိုပေါ်တို့ ကုန်ပေါ့ . . . (ကုန်ပါတယ် ဘုရား)၊ သူလည်း ကုန်ရောတဲ့ ဒကာ ဒကာမတွေ၊ မဂ်သမ္မာဒိဋ္ဌိ လာတာပဲ . . . (မှန်ပါ့)။

## အသင်္ခတဆိုတာ နိဗ္ဗာန်

သင်္ခါရဒုက္ခလည်းဆုံးပါရော မဂ်သမ္မာဒိဋ္ဌိ ဝင်လာတယ်။ မဂ်သမ္မာဒိဋ္ဌိက ဘာနဲ့သွားတွေ့သတုံးဆိုတော့ မောင်နိုင် . . . အသင်္ခတသုခနဲ့ သွားတွေ့တယ် . . . (မှန်ပါ)၊ အသင်္ခတဆိုတာ က နိဗ္ဗာန် ဘယ်သူမှ မပြုပြင်ဘူး၊ သုခဆိုတာ ချမ်းသာတာ . . . (မှန်ပါဘုရား)။

ဒါဖြင့် သင်္ခါရဒုက္ခဆုံးလို့ရှိရင် အသင်္ခတသုခနဲ့ တွေ့ပါ လိမ့်မယ် . . . (မှန်ပါ)၊ မှတ်မိကြပလား . . . (မှတ်မိပါပြီဘုရား)။

သင်္ခါရဒုက္ခဆုံးရင် . . . (အသင်္ခတသုခနဲ့ တွေ့မှာပါ ဘုရား)။

ကဲ . . . အားလုံး ဒကာ ဒကာမတွေ လူငယ်တွေရော၊ လူကြီးတွေရော၊ ဟြော် . . . နိဗ္ဗာန်ဟာ သင်္ခါရဒုက္ခတွေ့ရင် အနီးကလေးပါကလား . . . (မှန်ပါ)၊ မင်္ဂဉာဏ်ရဖို့ရာကော . . . (နီးပါတယ်ဘုရား)။

နီးပါတယ်ဆိုတဲ့ဥစ္စာ၊ အခု မဟာစတ္တာလီသသုတ်က သေသေချာချာ ပြတယ် . . . (မှန်ပါ)။

## သင်္ခါရဒုက္ခမြင်တဲ့ ဝိပဿနာမင်္ဂ

ဥပါရိပဏ္ဏာသပါဠိတော် မဟာစတ္တာလီသသုတ်က သေသေချာချာပြသောကြောင့်တဲ့ . . . ဒကာ ဒကာမတို့ ဒီဥစ္စာ လေးလေးစားစားနဲ့ သင်္ခါရဒုက္ခ ရှာဖြစ်အောင်ရှာမှသာလျှင် သင်္ခါရဒုက္ခမြင်တဲ့ ဝိပဿနာမင်္ဂလာပြီးမှသာလျှင်၊ အသင်္ခတ သုခမြင်တဲ့ လောကုတ္တရာမင်္ဂ လာပါလိမ့်မယ်လို့ ကိုပေါ်တို့ ကိုဝ တို့မှတ် . . . (မှန်ပါ)။

ဒါဖြင့် ရှေ့သမ္မာဒိဋ္ဌိ ပြီးလို့ရှိရင်ဖြင့် သင်္ခါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိ ပြီးလို့ရှိရင်ဖြင့် အသင်္ခတ သုခဆိုတဲ့ . . . နိဗ္ဗာန်မြင်တဲ့ သမ္မာဒိဋ္ဌိလာဖို့ရှိတယ် . . . (မှန်ပါ)၊ ဒီထက်နီးတာတော့ . . . (မရှိပါဘုရား)။

ကဲ . . . ဒါဖြင့် နိဗ္ဗာန်ကိုခပ်နီးနီးနဲ့ တပည့်တော်တို့ ဘုရား . . . အပါယ်လေးပါး တံခါးပိတ်တဲ့နိဗ္ဗာန်၊ ဒုက္ခခပ်သိမ်း

ကင်းငြိမ်းတဲ့နိဗ္ဗာန်၊ ကိလေသာအပူမှတ်၊ အလောင်မှတ်တို့ ငြိမ်းသတ်တဲ့ နိဗ္ဗာန်ကြီးကိုဖြင့်၊ တပည့်တော်တို့ ဘာလုပ်လုပ် တောင်းပြီးသကာလနေကြတဲ့ ပုဂ္ဂိုလ်ဖြစ်တာ တောင်းပင်တောင်း ပြားသော်လည်း သစ္စာရဒုက္ခမတွေ့သေးရင် မနီးသေးလို့မှတ်. . . (မှန်ပါ)၊ ကိုဝ ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

သစ္စာရဒုက္ခတွေမှသာလျှင် အသစ်တသုခ ကူးမှာကိုးဗျ . . . . (မှန်ပါ)၊ သူ့မှမတွေ့သေးဘဲနဲ့ ကျုပ်ရောက်ချင်လှချည့်ရဲ့လို့ ဆိုလို့တော့ဖြင့် . . . (မရပါဘုရား)၊ မရနိုင်ဘူးဆိုတဲ့ ဥစ္စာကော ကိုထွန်းလှိုင်တို့ ကျေကျေနပ်နပ်မှတ်ပါ . . . (မှန်ပါ)။

## ယနေ့နှစ်လုံးပဲပြောမှာ

ကျေကျေနပ်နပ်မှတ်ကြစမ်းပါ ဒကာ ဒကာမတို့၊ ယနေ့ နှစ်လုံးပဲ ပြောမှာပဲ . . . (မှန်ပါ)၊ (၁) သစ္စာရဒုက္ခ မြင်တာရယ်၊ (၂) အသစ်တသုခမြင်တာရယ်၊ ဒီနှစ်ခုကိုပဲပြတယ် . . . (မှန်ပါ)။

ဒါဖြင့် သစ္စာရဒုက္ခမြင်တာတ ဝိပဿနာ၊ အသစ်တ သုခ မြင်တာကမဂ်ဉာဏ်၊ ဝိပဿနာမဂ်ဉာဏ်နဲ့ လောကုတ္တရာ မဂ်ဉာဏ်အကူးအဆက်ပြတာပဲ. . . (မှန်ပါ)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သင်္ခါရဒုက္ခတွေ များများတွေ့လို့ရှိရင်ဖြင့်၊ ခင်ဗျားတို့ လက်ခမောင်းသာ ခတ်ပါတော့ . . . (မှန်ပါဘုရား)။

သင်္ခါရဒုက္ခများများတွေ့ရင် . . . (လက်ခမောင်းခတ်ပါ)၊ လက်ခမောင်းခတ်တော့တဲ့၊ ငါ ဒီဘဝတော့ဖြင့် အပါယ်လေးပါး တံခါးပိတ်တဲ့ သောတာပန်တော့ဖြင့် တည်တော့မှာပဲ. . . (မှန်ပါ)။

ဒကာကြီးလှိုင် သင်္ခါရဒုက္ခများများတွေ့ရင် . . . (သောတာပန်တည်တော့မှာပါဘုရား)။

## ရှေ့ပြေးသမ္မာဒိဋ္ဌိ

မတည်မရှိပါဘူး. . . (မှန်ပါ)၊ ဘာကြောင့်တုံးဆိုတော့ ပုရေစာရိက ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိတဲ့၊ သမ္မာဒိဋ္ဌိနှစ်မျိုးပြတယ်. . . (မှန်ပါ)။

ပုရေစာရိက သမ္မာဒိဋ္ဌိဆိုတာ ရှေးဦးစွာကျင့်ရမည့် သမ္မာဒိဋ္ဌိ . . . (မှန်ပါ)၊ မဂ္ဂသမ္မာဒိဋ္ဌိဆိုတာက ပုရေစာရိကသမ္မာဒိဋ္ဌိရှေ့ပိုင်းကျင့်ပြီးမှ ပေါ်လာမည့် သမ္မာဒိဋ္ဌိ၊ မောင်နိုင် . . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အင်း . . . ရှေ့ပြေးသမ္မာဒိဋ္ဌိ ဒကာ ဒကာမတို့ . . . နော် . . . (မှန်ပါ)၊ သူဆုံးတဲ့အခါကျလို့ရှိရင်ဖြင့် သောတာပတ္တိမဂ်သမ္မာဒိဋ္ဌိ၊ သောတာပတ္တိမဂ်ဟာ သမ္မာဒိဋ္ဌိပဲ မောင်နိုင်ရ . . .

(မှန်ပါ)၊ မဂ်လို့ ခေါ် ချင်လည်းခေါ်၊ သမ္မာဒိဋ္ဌိလို့ကော . . . (ခေါ်နိုင်ပါတယ်ဘုရား)။

## ဒိတရားတွေ ရှေးကမဟောကြလို့

ခေါ်နိုင်တာပဲဆိုတော့၊ ကိုဝရေ . . . သစ္စာရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိပြီးရင် မဂ်သမ္မာဒိဋ္ဌိလာတယ်လို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ရှေ့ပြေးသမ္မာဒိဋ္ဌိလာပြီးရင် သစ္စာရဒုက္ခမြင်တဲ့သမ္မာဒိဋ္ဌိ လာပြီးရင် . . . (မဂ္ဂသမ္မာဒိဋ္ဌိလာပါတယ်)၊ မဂ်သမ္မာဒိဋ္ဌိလာတာ ပဲဆိုတာ မဟာစတ္တာလီသသုတ်မှာ သေသေချာချာလာတယ် . . (မှန်ပါ)။

အဲဒီတော့ ဒီတရားတွေက ရှေးကဟောလည်း မဟော ကြ၊ ပြောလည်း မပြောကြလို့သာ နိဗ္ဗာန်အဝေးကြီးပါကွာ . . . ပဲ၊ ဦးဘရှင်းတို့ ကြားမှာပေါ့ . . . (ကြားပါတယ်ဘုရား)။

## ဖြစ်ပျက်ဟာ သစ္စာရဒုက္ခပဲ

အခုသေသေချာချာ ဘုရားဟောတော်မူတဲ့ ကျမ်းဂန်နဲ့ ဘုရားဟောတာကို ထောက်ပြီးသကာလ ရှင်းပေးနေတော့ . . . ကြော် သစ္စာရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိတို့ကို ဆရာဘုန်းကြီးက လည်း ပြောထားတယ်၊ တို့သန္တာန် ဖြစ်ပျက်ဟာ အဲဒါ သစ္စာရဒုက္ခ

ပဲ၊ အဲဒါ မြင်အောင်ကြည့်လို့ရှိရင်ဖြင့် ရှေ့ပြေးသမ္မာဒိဋ္ဌိသေချာပြီး . . . (မှန်ပါ)၊ နောက်ကမဂ်သမ္မာဒိဋ္ဌိလိုက်ရုံပဲရှိတော့တယ် . . . (မှန်ပါ)။

လောကုတ္တရာမဂ် သမ္မာဒိဋ္ဌိ . . . (လိုက်ရုံပဲ ရှိပါတော့တယ်ဘုရား)။

လိုက်ရုံပဲရှိတော့တယ်ဆိုတော့ မောင်နိုင်တို့က ဩော် . . . အဝေးကြီးလို့ ဆိုမလားတဲ့၊ မသွားတတ်လို့ ဝေးနေတာလို့ဆိုမလား . . . (မသွားတတ်လို့ ဝေးနေတာပါဘုရား)။

မသွားတတ်လို့ ဝေးနေတာလို့၊ ခင်ဗျားတို့ခေါင်းဆောင်က ဝေးနေတော့ နောက်လိုက်က ပျင်းလာတာပေါ့ . . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

အခုတော့ ခေါင်းဆောင်က နီးပါတယ်လို့ဆိုတာ ဘုရားဟောနဲ့ သေသေချာချာပြောတယ်၊ ပြီးတော့လည်း ကိုယ်တိုင်လည်းလုပ်ကြည့်ပါ၊ အနီးကလေးဆိုတာ ပြောပါလိမ့်မယ် . . . (မှန်ပါဘုရား)။

## ကိုယ်တိုင်လုပ်ကြည့်ရင် ပြောပါလိမ့်မယ်

ဒကာကြီးလှိုင် ကိုယ်တိုင်လုပ်ကြည့်ရင် . . . (ပြောပါလိမ့်မယ်ဘုရား)၊ အနီးကလေးလို့ ကိုယ့်ဉာဏ်ကကို ပြောပါလိမ့်မယ် . . . (မှန်ပါ)။

အဲဒါကြောင့် တို့က ဉာဏ်လေးတယ် ခက်တယ်၊ အို ဉာဏ်လေးတာ ယားတာမှမသိဘူးလားလို့မေးရင် ဘယ့်နှယ် ဖြေကြမလဲ. . . (သိပါတယ်ဘုရား)၊ နာတာမှ မသိဘူးလား . . . (သိပါတယ်ဘုရား)၊ ဝမ်းသာတာမှ မသိဘူးလား . . . (သိပါတယ်ဘုရား)။

အဲဒီတော့ ဝမ်းသာတာကလေးဟာလည်း စဉ်းစားလိုက်တာပေါ့၊ ဝမ်းသာတာကလေးဟာလည်း ဝမ်းသာပြီး ပျောက်သွားတာပဲလို့၊ ဉာဏ်နဲ့ ဘယ်အခြေအနေကျအောင် ခင်ဗျားတို့ နောက်ကနေစောင့်ပြီး ကြည့်လိုက်လို့ရှိရင် သူ့အခြေအနေစောင့် ကြည့်လိုက်လို့ရှိရင်၊ ဝမ်းသာတဲ့ သောမနဿဝေဒနာကလေးဟာလည်း ကိုဝ ဖြစ်ပြီး ပျောက်တာပဲ . . . (မှန်ပါ)။

## ဝမ်းသာလည်း နောက်ကသမ္မာဒိဋ္ဌိလိုက်ပါ

ဝမ်းသာတာ ကိုယ်ဝမ်းသာတာမှ ခင်ဗျားတို့က ဆက်ပြီး သကာလ၊ သမ္မာဒိဋ္ဌိနောက်ကမလိုက်တော့ မသိတာပေါ့ . . . (မှန်ပါ)၊ အခုတော့ ဝမ်းသာလည်း နောက်က သမ္မာဒိဋ္ဌိလိုက်ပါ . . . (မှန်ပါ)၊ ဝမ်းနည်းလည်း (သမ္မာဒိဋ္ဌိလိုက်ပါဘုရား။)

အင်း . . . ဝမ်းသာလည်း သမ္မာဒိဋ္ဌိလိုက်ဆိုတာ

သောမနဿဝေဒနာ ဖြစ်ပျက်မြင်အောင် ပြောတာ . . . (မှန်ပါ)၊ ဝမ်းနည်းလည်း သမ္မာဒိဋ္ဌိလိုက်ဆိုတော့ ဒေါမနဿဝေဒနာဖြစ်လည်း . . . (လိုက်ပေးရပါမယ်)၊ လိုက်တော့ ဒေါမနဿဝေဒနာတွေ့သလား . . . ဖြစ်ပျက်ပဲ တွေ့မလား . . . (ဖြစ်ပျက်တွေ့ပါမယ်ဘုရား)၊ ဒါဖြင့် . . . သင်္ခါရဒုက္ခတွေ့တာပဲ. . . (မှန်ပါ)။

ဒကာ ဒကာမတို့ ဘာတွေ့မလဲ . . . (သင်္ခါရဒုက္ခ တွေ့ပါမယ်)၊ သင်္ခါရဒုက္ခပဲ တွေ့တယ်ဆိုတော့ ကျုပ်တို့အတွက်မှာဖြင့်၊ ဒါလောက်တော့ဖြင့် ဝမ်းသာတာနဲ့ ဝမ်းနည်းတာကို ကိုဝ၊ ကလေးတောင် သိပါတယ်. . . (မှန်ပါ)။

ကျုပ်ဝမ်းသာလိုက်ထာဗျာ . . . ပြောတာ၊ ကျုပ်ဒီဟာကြားရတာဗျာ . . . ဝမ်းနည်းလိုက်တာလို့တော့ ပြောတာ . . . (မှန်ပါ)၊ ပြောသာပြောတာ သမ္မာဒိဋ္ဌိက နောက်ကမလိုက်တတ်ဘူး. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

အခုတော့ဖြင့် လိုက်တတ်ကြပလား. . . (လိုက်တတ်ပါပြီ)၊ ဝမ်းသာတာကလေးကိုလည်း ရှိသေးသလား. . . မရှိသေးသလားဆိုပြီး ကြည့်လိုက်တာပေါ့. . . (မှန်ပါ)၊ ကြည့်လိုက်တော့ ဘာတွေ့သလဲ . . . (မရှိတာတွေ့ပါတယ်ဘုရား)။

## သင်္ခါရဒုက္ခဟာလည်း ဒုက္ခရောက်သွားတယ်

မရှိတော့ ဩော် သင်္ခါရဒုက္ခကလေးဟာလည်း ဒုက္ခရောက်သွားတာပဲဆိုတာဟာ၊ မောင်နိုင် သူများပြောလား ကိုယ့်ရှေ့မှောက်မှာလား. . . (ကိုယ့်ရှေ့မှောက်မှာပါ)။

ကိုယ့်ရှေ့မှောက်မှာဖြစ်နေတော့ ကိုပေါ်တို့ ကိုဝတို့က ဝိပဿနာ တယ်ခက်သကိုးဘုရားလို့ ဆိုမလားတဲ့၊ ရှိတာ မသိဘူးလို့သာ ပြောကြပါတော့ . . . (မှန်ပါ)၊ ခက်တာတော့ဖြင့် . . . (မခက်ပါဘုရား)၊ ခက်တာတော့ဖြင့် မခက်ပါဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ)။

ကိုင်းဒါဖြင့် ပုရေစာရိက သမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဝိပုရေစာရိက သမ္မာဒိဋ္ဌိ တေဘူမက သင်္ခါရ အနိစ္စတောပဿတိ ဝိမံသတိ။ တေဘူမက သင်္ခါရတို့ကို ပရိဝိမံသတိ=သူ သုံးသပ်ပါသတဲ့၊ ဩော်. . . ရှေ့ပြေးသမ္မာဒိဋ္ဌိက ဒီသင်္ခါရဒုက္ခကို သူသုံးသပ်တာပဲတဲ့ မောင်နိုင်. . . (မှန်ပါ)။

## သင်္ခါရဒုက္ခကိုဖြစ်ပျက်မြင်တာပဲ

သူဖြစ်ပျက်တာပဲတဲ့၊ သုံးသပ်တာဆိုတာ စာလိုသုံးတာ ဒကာ ဒကာမတွေ၊ နားလည်မှုနဲ့ဆိုတော့ ကိုယ့်သန္တာန်ပေါ်တဲ့ သင်္ခါရဒုက္ခကို ဖြစ်ပျက်မြင်တာပဲ . . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် သူမြင်ပြီးတော့ကိုတဲ့ ဘာမြင်မှာတုံးဆိုတော့ အို . . . သူမြင်ပြီးရင် မဂ်သမ္မာဒိဋ္ဌိ လိုက်ပါလိမ့်မယ်ကွ. . . လောကုတ္တရာမဂ် သမ္မာဒိဋ္ဌိ ချက်ချင်းလိုက်မယ်တဲ့ . . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ပါဠိက ဘယ်လိုဆိုသတုံးဆိုတော့ မဂ္ဂသမ္မာဒိဋ္ဌိ ပရိဝီမံသန ပရိယောသာနေတဲ့၊ အဲဒီသင်္ခါရဒုက္ခကို အားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာတဲ့ အဲ့ဒီသင်္ခါရဒုက္ခမမြင်ဘဲ ဖြစ်သွားလိမ့်မယ်တဲ့၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ဘယ်လိုဖြစ်သွားမယ် . . . (သင်္ခါရဒုက္ခမမြင်ဘဲ ဖြစ်သွားလိမ့်မယ်)။

## သင်္ခါရဒုက္ခမမြင်ဘဲ ဖြစ်သွားမယ်

သင်္ခါရဒုက္ခမမြင်ဘဲဖြစ်သွားလိမ့်မယ်၊ အားထုတ်ရင်း မတ္တနဲ့ မမြင်ဘဲဖြစ်သွားလိမ့်မယ်. . . (မှန်ပါ)၊ မမြင်တာက အဝိဇ္ဇာဝင်လို့လဲ မဟုတ်ဘူး၊ ရှုလျက်နဲ့ ပျောက်သွားတယ် . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

ဘာပျောက်မလဲ. . . (ရှုလျက်နဲ့ ပျောက်သွားပါလိမ့်မယ်)။

အဲ. . . ရှုလျက်နဲ့ ပျောက်သွားတော့ကိုတဲ့ သင်္ခါရဒုက္ခ ဆုံးသွားတယ်. . . (မှန်ပါ)။

## ရှုရင်းမတ္တာနဲ့ဆုံးသွားတယ်

မဂ္ဂသမ္မာဒိဋ္ဌိပန ပရိဝီမံသန ပရိယောသာနေ = သူသည် ကားလို့ဆိုရင် သုံးသပ်လိုက်တာတဲ့။ သင်္ခါရဒုက္ခ၊ ဟောသင်္ခါရဒုက္ခ၊ ဟော . . . . သင်္ခါရဒုက္ခ၊ ဟော . . . သင်္ခါရဒုက္ခနဲ့ သူဖြစ်ပျက်တွေရှုနေတာပေါ့လေ (မှန်ပါ)၊ ရှုရင်းမတ္တာနဲ့ မောင်နိုင်ရေ . . . ပရိယောသာနေ . . . ဆုံးသွားတယ်တဲ့ . . . (မှန်ပါ)။

ဆုံးသွားတော့ ဘာဖြစ်သတုံးဆိုတော့ မဂ္ဂသမ္မာဒိဋ္ဌိဟောတိ မဂ္ဂသမ္မာဒိဋ္ဌိဖြစ်တယ်တဲ့. . . (မှန်ပါ)။

## မဂ္ဂသမ္မာဒိဋ္ဌိဖြစ်တယ်

သူဆုံးသွားလို့ရှိရင် . . . (မဂ္ဂသမ္မာဒိဋ္ဌိဖြစ်ပါတယ်ဘုရား)၊ ကဲ . . . တစ်ခါတည်း သောတာပတ္တိမဂ်ပုဂ္ဂိုလ်ဖြစ်သွားတယ်. . . (မှန်ပါ)၊ ကြာသလား ဒကာ ဒကာမတို့ . . . (မကြာပါဘုရား)။

မကြာဘူးဆိုတော့ သူကရှေ့ပြေးပြီး နောက်လိုက်၊ ကိုဝမလိုက်ပါနဲ့ဆိုလို့ရမလား. . . (မရပါဘူး)၊ သူ့အစဉ်အတိုင်းကိုနော်. . . (မှန်ပါ)။

သူ့အစဉ်အတိုင်းဆိုတော့ ခင်ဗျားတို့ ဘုန်းကြီးပြမယ်တဲ့၊ ခင်ဗျားတို့ ရှင်းလင်းအောင်နော်၊ အနန္တရပစ္စယော - အခြားမရှိမူ၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ မလာဘူးလား. . . (လာပါတယ်)။

## အခြားမရှိကျေးဇူးပြုတတ်တဲ့အကြောင်း

နောက်က ဒကာ ဒကာမတွေ ဘာတဲ့တုံး . . . (အနန္တရ ပစ္စယော အခြားမရှိမူ၍ ကျေးဇူးပြုတတ်သောတရားလည်း ကောင်း)။

ဪ. . . အခြားမရှိဘူးတဲ့၊ ခုနင်က သင်္ခါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိပြီးလို့ရှိရင်ကွာတဲ့၊ မဂ်သမ္မာဒိဋ္ဌိဟာတဲ့ ကြားထဲမှာ ဘယ်သူမှ မခိုတော့ပါဘူးတဲ့၊ မဂ်သမ္မာဒိဋ္ဌိ တစ်ခါတည်းပေါ်ရ မယ်တဲ့ . . . (မှန်ပါ)။

## မဂ်သမ္မာဒိဋ္ဌိကအကျိုး

သင်္ခါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိက အနန္တရပစ္စည်းအကြောင်း ပါကွာတဲ့၊ မဂ်သမ္မာဒိဋ္ဌိက အကျိုးပါတဲ့၊ အခြားကိစ္စမရှိပါဘူးတဲ့၊ မင်းတို့ပွားသာပွားပါတဲ့. . . (မှန်ပါ)။

ဒီလိုဆိုတော့ ဒကာ ဒကာမတွေ အားငယ်စရာပါသေး လား. . . (မပါပါဘုရား)၊ မလုပ်ဖြစ်မှာဘဲ စိုးရိမ်ရတယ်၊ အားငယ် စရာဘာမှမရှိပါဘူး. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

အဲ့ဒီတော့ ဒီနေ့ဟောတဲ့တရားမှာ နှစ်လုံးတည်းနဲ့ပဲ တစ်နာရီစေ့မှာပါပဲ၊ မဂ်သမ္မာဒိဋ္ဌိ အခုရောက်လာပါပြီတဲ့၊ မဂ် သမ္မာဒိဋ္ဌိက မောင်နိုင် ဘယ်အချိန် ပေါ်ပါလိမ့်မတုံး . . . ဆုံးတဲ့ အချိန်ပေါ်တယ်. . . (မှန်ပါ)။

## ၄၄ * သစ္စာလေးပါးတရားတော်

## သမ္မာဒိဋ္ဌိဘယ်အချိန်ပေါ်သတုံး

မဂ်သမ္မာဒိဋ္ဌိ ဘယ်အချိန်ပေါ်သတုံး . . . (သင်္ခါရဒုက္ခ ဆုံးတဲ့အချိန် ပေါ်ပါတယ်ဘုရား)၊ အဲဒါက စာလိုပြောတဲ့ စကားနော်. . . (မှန်ပါ့)၊ ဒကာ ဒကာမတွေ သိလုံးနဲ့ပြောဖို့ စကားကတော့၊ ခင်ဗျားတို့ ဖြစ်ပျက်ဆုံးသွားတာ၊ ဖြစ်ပျက်ဆုံးလို့ ရှိရင်ဖြင့် မဂ်ဉာဏ်ပေါ်တာပဲဆိုတာနဲ့ အတူတူပဲ. . . (မှန်ပါ)၊ မဂ်ဉာဏ်ပေါ်တာပဲဆိုတာနဲ့ . . . (အတူတူပါဘုရား)၊ အဲဒီတော့ ကိုယ်က သင်္ခါရဒုက္ခကလေးကို လိုက်နေဖို့ရာဟာ၊ မောင်နိုင် . . . အရေးကြီးတယ်. . . (မှန်ပါ့)။

သင်္ခါရဒုက္ခအဆုံးမှာ သင်္ခါရဒုက္ခကိုမြင်တဲ့ သမ္မာဒိဋ္ဌိ၊ အဆုံးမှာ မောင်နိုင် မဂ်သမ္မာဒိဋ္ဌိ လာမလား . . . (လာပါတယ် ဘုရား)၊ လာရမ်ယ်တဲ့ မလာမရှိတဲ့ ဒီဥစ္စာ၊ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဩော်. . . ဒါဖြင့် နီးသလား၊ ဝေးသလားဆိုတာပဲ အကဲခတ်ပါတော့. . . (နီးပါတယ်ဘုရား)၊ ရှင်းပလား. . . (ရှင်း ပါပြီဘုရား)။

ဒါဖြင့် ရှေ့ပြေးသင်္ခါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိ. . . (မှန်ပါ)၊ သူဆုံးသွားရင် အသင့်တ, သူခမြင်တဲ့ သမ္မာဒိဋ္ဌိလိုက်မယ်. . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

အသဉ်တ, သုခကိုမြင်တဲ့ . . . (သမ္မာဒိဋ္ဌိလိုက်ပါမယ်)၊ သမ္မာဒိဋ္ဌိလိုက်မယ်ဆိုတော့ ဩော် . . . နိဗ္ဗာန်ဟာ ရှေ့ကမြင်ကောင်းတာကို မမြင်ရင်သာဝေးတာ . . . (မှန်ပါ)၊ မြင်ကောင်းတာကို မှန်မှန်ကန်ကန် မြင်ရလို့ ရှိရင်ဖြင့် ကိုဝ နီးပြီ. . . (မှန်ပါ)၊ ကိုပေါ် ဘယ့်နှယ်ဆိုမလဲ. . . (နီးပါပြီဘုရား)။

## ရှေ့ပိုင်းမှာ ဆရာမကူရင် မရဘူး

ဒါဖြင့် ရှေ့ပိုင်းမှာ ဆရာမကူရင်မရဘူး. . . (မှန်ပါ)၊ နောက်ပိုင်း ကူဖို့မလိုဘူး . . . (မှန်ပါ)၊ နောက်ပိုင်းတော့ သူ့သမ္မာဒိဋ္ဌိချင်းဆက်ပြီး ကျေးဇူးပြုသွားတယ်၊ အနန္တရပစ္စယောကိုး . . . (မှန်ပါ)၊ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေရော၊ နှလုံးသွင်းမည့် ပုဂ္ဂိုလ်တွေရော ဩော် . . . သမ္မာဒိဋ္ဌိ နှစ်ခုဟာဖြင့် ငါတို့သည် ကူးဖြစ်အောင်ကူးမှာပဲ၊ တစ်ခုကတစ်ခု ကူးဖြစ်အောင် လုပ်မှပဲဆိုတဲ့ ဥစ္စာကို ဆုံးဖြတ်ချက်ချ. . . (မှန်ပါ)။

## ဒါမရရင် မသေပါနဲ့ဦး

ဦးဘရှင်း ဒါမရရင် မသေနဲ့ဦးဗျာ . . . (မှန်ပါ)၊ ကိုဝ . . . တော်ပါ့မလား. . . (မတော်ပါ)၊ မတော်သေးဘူးတဲ့၊ ဒါ. . . မရလို့ မဂ်သမ္မာဒိဋ္ဌိကိုမရဘူးဘုရား၊ တပည့်တော် ရှေ့ပိုင်း

သမ္မာဒိဋ္ဌိမရလို့ သေရတယ်ဆိုတော့ တစ်ဘဝ ပဋိသန္ဓေနေဦးမယ် . . . (မှန်ပါ)၊ မနေရပေဘူးလား . . . (နေရပါတယ်ဘုရား)။

တစ်ဘဝ ပဋိသန္ဓေနေရတော့ နေရတဲ့ပဋိသန္ဓေက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

ဩော် . . . ဒုက္ခဆိုတာဟာ မတွေ့တာအကောင်းဆုံးပါပဲ. . . (မှန်ပါ)၊ တစ်ခါတွေ့လည်း မကောင်းဘူး . . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ အဖန်ဖန်တွေ့မယ်ဆိုတော့ ဆိုဖွယ်ရာမရှိအောင်ပဲ အရုပ်ဆိုးပါတယ်၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် . . . ဒီ ဒကာ ဒကာမတွေ ဒီလိုမတွေ့ချင်ဘူးဆိုတော့၊ သခ်ီရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိဆုံးအောင် လိုက်-လိုက်ပါလို့ဆိုတာ ကိုပေါ်တို့၊ ကိုဝတို့ ဘုန်းကြီးက မေတ္တာရှေ့ထားပြီးတော့ လုပ်ဖြစ်အောင်လုပ်ပါလို့ ပြောလိုက်တယ် . . . (မှန်ပါ)၊ မပြောထိုက်ဘူးလား . . . (ပြောထိုက်ပါတယ်ဘုရား)၊ ရှင်းပြီနော် ဒကာ ဒကာမတို့ . . . (ရှင်းပါပြီ)။

## မဂ်သမ္မာဒိဋ္ဌိပေါ်တယ်

အဲဒီတော့ ကဲ ပုရေစာရိက သမ္မာဒိဋ္ဌိကတော့ ဖြစ်ပျက်မြင်တာပါပဲ၊ အဲဒီဖြစ်ပျက်ဆုံးအောင်လိုက်နေ မင့်သမ္မာဒိဋ္ဌိနဲ့နော် . . . (မှန်ပါ)၊ ဆုံးအောင်လိုက်တဲ့အခါကျတော့ မောင်နိုင် ဆုံး

လည်းဆုံးရော၊ သင်္ခါရဒုက္ခတွေလည်း မမြင်တော့ဘူးဆိုလို့ရှိရင် ဖြင့် အသင်္ခတ, သုခကိုမြင်တဲ့ မဂ်သမ္မာဒိဋ္ဌိပေါ်တာပဲ . . . (မှန်ပါ)၊ ရှင်းပလား . . (ရှင်းပါပြီ)။

ပေါ်တဲ့အချိန်မှာ ဘယ်လိုများတပည့်တော်တို့၊ ထူးထူး ခြားခြား ခန္ဓာကိုယ်ထဲမှာ ဖြစ်တတ်ပါသတုံးဆိုတော့၊ သူကပဲ ပြောတယ်၊ သူကပဲပြောတယ်တဲ့၊ ဘယ်လိုပြောသတုံးဆိုလို့ရှိရင် ဖြင့် မဂ္ဂသမ္မာဒိဋ္ဌိ ပနပရိဝိမံသန ပရိယောသာနေ၊ သင်္ခါရဒုက္ခ ဆုံးတဲ့အခါကာလ၌ တေဘူမကဝဋ်၊ တေဘူမကဝဋ်ဆိုတဲ့၊ မင်းတဲ့ အခုဖြစ်ပျက်တွေဟာ ဝိပါကဝဋ်တွေပါပဲ၊ နောက်က ပဋိသန္ဓေ ဆုတောင်းထားလို့ အကျိုးပေးနေတာ . . . (မှန်ပါ)၊ ဖြစ်ပျက် ဖြစ်ပျက်ခန္ဓာကြီး ရ,ထားတာ. . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## ဝဋ်တွေကျွတ်သွားတယ်

အဲဒီဝဋ်တွေဟာတဲ့ ဖြစ်ပျက်တွေမမြင်တော့ဘူးဆိုတဲ့ ဉစ္စာဝဋ်တွေကျွတ်သွားတာ သဘောပါပလား . . . (ပါပါတယ်) ဝိပါကဝဋ်တွေ ကျွတ်သွားတာ . . . (မှန်ပါ)။

ဒကာ ဒကာမတွေဘာတဲ့တုံး . . . (ဝိပါကဝဋ်တွေ ကျွတ်သွားတာပါဘုရား)။

ဝိပါကဝဋ်တွေ ကျွတ်သွားတာပါကွာတဲ့၊ ဒီဉစ္စာ ကြည့်လေ ကျုပ်တို့နောက်ဘဝက ကိလေသာဝဋ်ကြောင့်၊

ကမ္မဝဋ်ကြောင့် ဒီဘဝရုပ်နာမ်ပေါ်လာတော့ ဝိပါကဝဋ်ကြီး ပေါ်နေတယ်. . . (မှန်ပါ)၊ ရုပ်နာမ်ကြည့်လိုက်တော့လည်း ဖြစ်ပျက်တွေမဟုတ် လား. . . (မှန်ပါ)။

## ဝိပါကဝဋ်ကျွတ်သွားတာ

ဒါဖြင့် သူ့ကို ဘာဝဋ်လို့ဆိုကြမလဲ (ဝိပါကဝဋ်ပါဘုရား)၊ အဲဒီသူ့ကိုပဲ မမြင်တော့ဘူးဆိုတော့ ကိုယ့်ဝဋ်ကျွတ်သွားတာဗျ . . . (မှန်ပါ)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

သူ့ကိုမမြင်တော့ဘူးဆိုတော့ . . . (ကိုယ့်ဝဋ်ကျွတ်သွားတာပါဘုရား)၊ အဲ . . . ဝဋ်ကျွတ်သွားတယ်ဆိုတဲ့ အဓိပ္ပါယ်ကော ဒကာ ဒကာမတွေ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဝိပါကဝဋ်ကျွတ်သွားတာ. . . (မှန်ပါ)၊ ပဌမဝိပါကဝဋ်နဲ့ သမ္မာဒိဋ္ဌိနဲ့တွေ့နေတာ. . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ ကိုယ့်ဝဋ်ကိုယ်သိပြီ၊ သဘောပါကြပလား . . . (ပါပါတယ်ဘုရား)။

အင်း . . . မတွေ့တော့ဘူးဆိုတော့၊ ကိုပေါ်တို့ ကိုဝတို့က ဘယ်လိုဆုံးဖြတ်ချက်ချမလဲ. . . (ဝိပါကဝဋ်ကျွတ်သွားတာပါဘုရား)။

ဝိပါကဝဋ်ကျွတ်သွားတာဆိုတော့၊ ဝိပါကဝဋ်ကျွတ်သွားတဲ့အကြောင်းကို၊ ကိုယ်ခန္ဓာကိုယ်ကြီး ဖြစ်ပျက်ဒုက္ခသစ္စာတည်း

ဟူသော ဒုက္ခဝဋ်ကြီးမှ ကျွတ်သွားတယ် . . . ကျွတ်သွားတဲ့အခါ ကျတော့ အသခ်တဘက်ကို ကူးသွားပါတယ်တဲ့၊ နိဗ္ဗာန်ဘက်ကို . . . (မှန်ပါ)၊ ကူးသွားတော့ နိဗ္ဗာန်မြင်ရောဆိုကြပါစို့၊ လောကုတ္တရာမဂ်ပေါ်လာတာကိုးဗျ . . . (မှန်ပါ)။

မဂ်သမ္မာဒိဋ္ဌိပေါ်လာပြီမောင်နိုင်ရေ . . . (မှန်ပါ)၊ မပေါ်သေးဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

## ဒုက္ခချုပ်တဲ့နိဗ္ဗာန်မြင်ရပြီ

အဲဒါ နိဗ္ဗာန်မြင်ရပြီတဲ့၊ ဩော် . . . ဒုက္ခချုပ်တာ နိဗ္ဗာန်ဆိုတဲ့ ဥစ္စာဟုတ်ပြီဆိုပြီး၊ တစ်ခါတည်း "တေဘူမကဝဋ်ဝူဖသမယမာနာ" ဒီဝဋ်တွေကို ငြိမ်းစေတယ်ကွတဲ့၊ မဂ်သမ္မာဒိဋ္ဌိဝင်လာတာ ဒီဝဋ်တွေတစ်ခါတည်း ငြိမ်းသွားတယ်ကွတဲ့၊ ဒီဝဋ်တွေမမြင်ရတော့ဘူးမောင်နိုင်. . . (မှန်ပါ)။

ဒီ. . . ဖြစ်ပျက် ဒုက္ခသစ္စာကြီးကို ဘာတဲ့ . . . (မမြင်ရပါဘုရား)။ သင်္ခါရဒုက္ခ သစ္စာကြီးကော . . . (မမြင်ရပါဘုရား)။

သင်္ခါရဒုက္ခနဲ့ ဖြစ်ပျက်ဒုက္ခသစ္စာဆိုတာ အတူတူပဲ . . . (မှန်ပါ)၊ အဲဒါမမြင်ရတော့ဘူးကွတဲ့၊ မမြင်ရတော့ ခန္ဓာကိုယ်ထဲများ ဘယ်လိုများဖြစ်တတ်ပါလိမ့်မတုံးဆိုတော့ သီတုဒကယဋ္ဌသဟသံ အာသိဥ္စမာနာဝိယ ဟောတိ၊ သီတုဒကယဋ္ဌသဟသံ = ရေအိုးတစ်ထောင်နဲ့ လောင်းဘိသကဲ့သို့ သဘောကျပလား . . . (ကျပါပြီ)။

## ငြိမ်းအေးတာပဲကျန်တော့တယ်

ခန္ဓာကိုယ်ထဲမှာ ရေအိုးတစ်ထောင်နဲ့ လောင်းလိုက်တဲ့ အခါမှာ၊ ဥပမာပေါ့လေ. . . (မှန်ပါ)၊ အင်မတန် ပူနေတုန်း လာတဲ့အခါ စိမ့်တဲ့ရေအိုးနဲ့၊ လောင်းလိုက်တဲ့အခါ၊ ရေတွေ လောင်းလိုက်တဲ့အခါ အေးသွားသလိုပေါ့လေ . . . ခန္ဓာကိုယ် ထဲမှာ အေးတာပဲ ကျန်တော့တယ်. . . (မှန်ပါ)၊ ငြိမ်းအေးတာပဲ ကျန်တော့တယ် စာကလာတာ. . . (မှန်ပါ)။

မဂ်သမ္မာဒိဋ္ဌိပေါ်လာရင် ဘာတဲ့တုံး . . . (ငြိမ်းအေး တာပဲကျန်ပါတယ်ဘုရား)။

ငြိမ်းအေးတာပဲ ကျန်တယ်ဆိုတာကို အဋ္ဌကထာဆရာ က၊ ဥပမာပြစရာမရှိတာနဲ့ အလွန်ပူတဲ့နေပူထဲကလာပြီးသကာ လ၊ ညအိပ်ရေဆိုတဲ့ ကျုပ်တို့စိမ့်အိုးပေါ့ဗျာ . . . (မှန်ပါ)၊ ရေစိမ့် နေတာ အောက်ဆီမှာတော့ စိမ့်တဲ့အိုးဟာ အေးတာကိုး ကိုဝ ရ . . . (မှန်ပါ)။

အဲဒီ . . . အိုးတစ်ထောင်နဲ့ လောင်းလိုက်တဲ့အခါကျလို့ ရှိရင်၊ သူ့မှာအကျေနပ်ကြီးကျေနပ်သွားတဲ့ သဘောမျိုးမရှိဘူး လား . . . (ရှိပါတယ်ဘုရား)။

ဒီမှာလဲတဲ့ . . . မဂ်သမ္မာဒိဋ္ဌိ ကူးသွားတဲ့အခါကျလို့ ရှိရင် ဒီအတိုင်းပဲစိတ်ထဲမှာ ဝန်ကျသလို ဖြစ်သွားတယ်၊ အေးတာ ကတော့မဟုတ်ဘူး . . (မှန်ပါ)၊ ရေအေးသလိုအေးတာ မဟုတ်

ဘူး . . . ဥပမာ ပြလိုက်တာ . . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## ဝန်ထုပ်ကြီးကျသွားသလိုအေးပေပေါ့

တစ်ခါတည်းခန္ဓာကိုယ်ကြီးထဲမှာ ပေါ့ပေါ့ပါးပါးနဲ့ ဝန်ထုပ်ကြီးများ ကျသွားသလို ချမ်းသာပေပေါ့. . . အေးပေပေါ့ ဆိုတဲ့ဥစ္စာ၊ သူများမပြောဘဲကို မနေနိုင်လောက်အောင် ကိုယ့်ဝမ်းထဲမှာ ဝမ်းမြောက်တယ် . . . (မှန်ပါ)၊သဘောကျပလား . . . (ကျပါပြီ)၊ အဲဒါကျတော့လို့ရှိရင် မှတ်ပေတော့တဲ့ မဂ်သမ္မာဒိဋ္ဌိပေါ်တာပဲ . . . (မှန်ပါ)။

ဒကာ ဒကာမတွေ ဘယ်လိုမှတ်ကြမယ် . . . (မဂ်သမ္မာဒိဋ္ဌိပေါ်တာပါဘုရား)၊ မဂ်သမ္မာဒိဋ္ဌိပေါ်တာ သေချာပလား . . . (သေချာပါပြီ)။

ဩော် . . . ဒါဖြင့် မဂ်သမ္မာဒိဋ္ဌိ ပေါ်လာတာသည်ကား လို့ဆိုလို့ရှိရင်ဖြင့်တဲ့၊ ဖြစ်ပျက်လဲ မမြင်ဘဲနဲ့ ခန္ဓာကိုယ်ထဲမှာ တစ်ခါ တည်း ချမ်းသာသွားတာပဲ ရှိတာပဲ. . . (မှန်ပါ)။

ဖြစ်ပျက်မမြင်ဘဲနဲ့ ဘာတုံး . . . (ခန္ဓာထဲမှာ ချမ်းသာသွားပါတယ်ဘုရား)။

ချမ်းသာသွားတာကို ရေအိုးပေါင်းတစ်ထောင်နဲ့ လောင်းပြီးသကာလ အပူထဲကလာတဲ့လူ၊ ရေအိုးတစ်ထောင်

လောင်းလို့ အေးဘိသကဲ့သို့ ဆိုတာက၊ သူ ဥပမာပြတာ . . . (မှန်ပါ)။

နိဗ္ဗာန်ဆိုတာ နိဗ္ဗာန်မြင်တဲ့ဉာဏ် ချမ်းသာပုံက ဦးဘရှင်းရဲ့ ပြောစရာ အတုမရှိဘူး . . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## ချမ်းသာပုံကပြောစရာအတုမရှိ

ပြောစရာ . . . (အတုမရှိပါဘုရား)၊ ပြောစရာအတုမရှိပါဘူးတဲ့ ၊ အင်မတန်ချမ်းသာတာကို မိမိသမ္မာဒိဋ္ဌိက မြင်လိုက်တဲ့ အတွက် ဝဋ်ကျွတ်ပေ့ါဟေ့ . . . အေးပေပေ့ါဟေ့၊ တစ်သံသရာလုံး ကိလေသာကလည်း ဒိဋ္ဌိကိလေသာ၊ ဝိစိကိစ္ဆာကိလေသာ၊ ဒီကိလေသာတွေကလည်း နဂိုက ပူလောင်နေတာကိုး . . . (မှန်ပါ)။

ငါ့သား . . . ငါ့သမီး . . . ငါ့မြေး . . . ငါမြစ်နဲ့ ဒီလိုဟာတွေကလည်း ရှုပ်နေတယ် . . . (မှန်ပါ)၊ နက်ဖြန်စားဖို့ ဘယ်နှယ့်လုပ်မတုံး၊ သဘက်ခါ ဘယ့်နှယ်တုံး၊ ရှေ့နှစ် ဘယ့်နှယ်လုပ်မတုံး၊ အိုတော့ ဘယ့်နှယ်လုပ်မတုံးဆိုတဲ့ ဝိစိကိစ္ဆာ ဘယ့်နှယ့်လုပ်မတုံး . . . ဝိစိကိစ္ဆာတွေကလည်း ရှုပ်နေတာ . . . (မှန်ပါ)၊ မရှုပ်ဘူးလား . . . (ရှုပ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ ရှုပ်ပြီးသကာလနေတဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာတွေ၊ ငါ့သားငါ့သမီးလည်း ပြုတ်၊ ငါ့ကိုယ်လည်း ပြုတ်၊ နက်ဖြန် သဘက် ဘယ်လိုဖြစ်မှန်းမသိဘူး၊ အဲဒီတော့ ခက်သေးတယ်ဆို တဲ့ ဝိစိကိစ္ဆာတွေကလည်း၊ ငါသေလည်း ဘာဖြစ်မှန်းမသိဘူး ဆိုတဲ့ဝိစိကိစ္ဆာတွေ၊ ဒါတွေဟာတစ်ခါတည်း ဒီအပူတွေ အကုန်ငြိမ်းသွားတယ် . . . (မှန်ပါ)။

## အပူဓာတ်တွေ ငြိမ်းသွားတယ်

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာအပူဓာတ်တွေက မောင်နိုင် ဘယ့်နှယ် နေသလဲ . . . (ငြိမ်းသွားပါတယ်ဘုရား)။

အဲဒါသူတို့ငြိမ်းလို့ အေးတဲ့သဘောပြောတာ . . . (မှန်ပါ)၊ စင်စစ် တကယ်ရေအေးသလို အေးသွားတဲ့သဘောကို ပြောတာမဟုတ်ဘူး . . . (မှန်ပါ)၊ ဒီနှစ်ခုမရှိတဲ့အတွက် စိတ်ထဲ မှာ စိတ်ချလက်ချဖြစ်သွားတာကိုဆိုတာ. . . (မှန်ပါ)၊ သဘောပါ ကြပလား. . . (ပါပါပြီ)။

ဘယ်လိုဖြစ်သွားတာပါလိမ့် . . . (စိတ်ချလက်ချ ဖြစ် သွားတာပါဘုရား)၊ စိတ်ချလက်ချဖြစ်သွားတာက ငါ. . . အပါယ်မကျတော့ဘူးဆိုတာ သူ့ဟာသူ သိတယ်. . . (မှန်ပါ)၊ စိတ်ချလက်ချ ဖြစ်သွားတယ်. . . (မှန်ပါ)။

ငါတော့ဖြင့် အခုဆရာသမားတွေကလည်း ဟောထားတယ်၊ ငါ့အမြင်လည်းဒီအတိုင်းပဲ ငါတော့ဖြင့် စတုဟာပါယေဟိစ ဝိပ္ပမုတ္တောပဲ၊ အပါယ်လေးမှ လွတ်ပေပြီ၊ ဘာ့ကြောင့်တုံး . . . ငါသည် အမြင်မှန်ကို မြင်ရပြီ၊ အသခ်တသုခ မြင်ရပြီ ဟုတ်လား . . . (မှန်ပါ)၊ အပါယ်လေးပါးဖြင့် ကိုယ့်အတွက်ဖြင့် စိတ်အေးပေါ့ဆိုတဲ့ ဘဝင်အေးသွားတာကိုဆိုတာပါ. . . (မှန်ပါ)၊ စင်စစ် ရေလောင်းသလိုအေးတာတော့ မဟုတ်ပါဘူး . . . (မှန်ပါ)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

## သမ္မာဒိဋ္ဌိကျေးဇူးပြုမှပေါ်တာ

အဲဒီတော့ ဒကာ ဒကာမတွေ၊ ဒီဥစ္စာလုပ်ထိုက် မလုပ်ထိုက်စဉ်းစားကြ . . . (လုပ်ထိုက်ပါတယ်ဘုရား)။

လုပ်ထိုက်တော့ကိုတဲ့ မဂ်သမ္မာဒိဋ္ဌိက ဆုတောင်းနဲ့ ပေါ်တာလား၊ ခုနင်က ရှေ့ပြေးသမ္မာဒိဋ္ဌိ ကျေးဇူးပြုပြီးမှပေါ်တာလား . . . (ရှေ့ပြေးသမ္မာဒိဋ္ဌိကျေးဇူးပြုမှပေါ်တာပါဘုရား)။

ဒါဖြင့် ကိုဝတို့က အချောင်လိုချင်လို့ မရဘူး . . . (မှန်ပါ)၊ သခ်ီရဒုက္ခတွေ့အောင် ရှာနိုင်တဲ့ဉာဏ် ရမှပဲ၊ အသခ်တသုခ ရမှာပဲ . . . (မှန်ပါ) နို့မဟုတ်လို့ရှိရင်ဖြင့် . . . (မရပါဘုရား)။

## ပန်းတွေနဲ့ဆုတောင်းလို့မရဘူး

ပန်းတွေတစ်ဆုပ်ကြီးနဲ့ ဆုတောင်းလို့လည်း . . . (မရပါဘုရား)၊ မရနိုင်ဘူး၊ မရနိုင်ဘူး၊ ဒါလုပ်ယူရင်တော့ရမှာပဲ . . . (မှန်ပါ)။

မောင်နိုင် ပေါ်ပလား . . . (ပေါ်ပါပြီ)၊ ရေတွေအမျိုးမျိုး လဲနေလို့လဲ . . . (မရပါဘုရား)၊ မရနိုင်သေးဘူး၊ နိဗ္ဗာန်ရ ရပါလို၏ ဆိုပေမယ်လဲ၊သူတော့ လုပ်ရဦးတော့မှာပဲ . . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီ)။

ဒါဖြင့် သူတော့ဖြင့် မလုပ်လို့ရှိရင်ဖြင့်၊ မဖြစ်တဲ့အထဲ အပါအဝင်ကတော့ ဒကာ ဒကာမတွေက၊ အကုန်ဆုံးဖြတ်ချက် ချ. . . (မှန်ပါ)၊ မချလို့ရှိရင် တော်ပါ့မလား. . . (မတော်ပါ ဘုရား)။

ကိုင်း . . . ဒါဖြင့် ရှေ့ပြေးသမ္မာဒိဋ္ဌိ၊ နောက်လိုက် သမ္မာ ဒိဋ္ဌိကွဲကြပလား . . . (ကွဲပါပြီဘုရား)။

ရှေ့ပြေးသမ္မာဒိဋ္ဌိက ဘာကိုမြင်သတုံးကွ (သင်္ခါရဒုက္ခ ကို မြင်ပါတယ်)၊ အဲ . . . ဖြစ်ပျက်ဆိုတဲ့ သင်္ခါရဒုက္ခကို မြင်တယ် . . . (မှန်ပါ)၊ နောက်ဖြစ်ပျက်မမြင်တဲ့ သမ္မာဒိဋ္ဌိကတော့ ဘာမြင် သတုံး . . . (မဂ်စခန်းမြင်ပါတယ်)၊ အဲ . . . နိဗ္ဗာန်မြင်တယ် ဆိုလိုက်ပါတော့ . . . (မှန်ပါ) ဉာဏ်ကတော့ မဂ်ဉာဏ်ပေါ့လေ

. . . (မှန်ပါ)၊ မြင်တော့ ဘာမြင်သတုံး . . . (နိဗ္ဗာန်မြင်ပါတယ်ဘုရား)။

အဲ . . . တစ်ခု တစ်ခုတော့ မြင်ကြတာပေါ့ဗျာ . . . (မှန်ပါ) ရှေ့ပြေး သမ္မာဒိဋ္ဌိကတော့ ဖြစ်ပျက်မြင်တယ်၊ နောက်လာမည့် သမ္မာဒိဋ္ဌိက . . . (နိဗ္ဗာန်မြင်ပါတယ်ဘုရား)။

## သောတာပန်တည်တာပဲ

နိဗ္ဗာန်မြင်တယ်ဆိုတော့ ကိုယ်မြင်တာကို ကိုယ်အခဲခတ်ချင်တော့၊ ဘဝင်အေးတာကို ဖြစ်ပျက်လည်းမမြင်ဘူး၊ ဘဝင်ထဲမှာလည်း စိတ်ထဲမှာ ဝန်ကျသွားတဲ့အမြင် ရောက်ရှိလို့ရှိရင်ဖြင့်၊ ဒါသည် ဒကာ ဒကာမတို့ သောတာပန်တည်တာပဲလို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ)။

သောတာပန်တည်ဖို့ရာ ဝေးသေးသလား . . . (မဝေးပါဘုရား)။

ဒါကြောင့် အခုတရား တစ်နာရီစာရှိသွားတယ် ကိုဝန္နစ်ခုတည်း ပြောတာ . . . (မှန်ပါ)၊ နားမလည်စရာကော ရှိသေးသလား . . . (မရှိပါဘုရား)။

နားမလည်စရာလည်း မရှိဘူး၊ ဩော် . . . ကိုယ့်ဟာကိုယ်လည်း ရှေ့ပြေးများများတွေ့အောင်လုပ်ဖို့ . . . (မှန်ပါ)၊ ရှေ့ပြေးအဆုံးမှာလည်း နောက်လိုက်လောကုတ္တရာမဂ်က

လိုက်ဖို့ရာဟာလည်း အဆင့်သင့်ပဲ. . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## အခါကာလတွေ၊ တွေးမနေပါနဲ့

ပါရမီတွေဘာတွေ လျှောက်ပြီးတွေးမနေပါနဲ့ ဟုတ်လား . . . (မှန်ပါဘုရား)၊ အခါကာလတွေတွေးမနေပါနဲ့။ ရှေ့ပြေးတွေ့ရင် ဒီဥစ္စာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့်၊ နောက်လိုက် မဂ်ဟာ အနန္တရပစ္စည်းလို့ ဟောထားသဖြင့် မောင်နိုင်က ဘာမှ ဆင်ခြေလဲစရာမလိုဘူး . . . (မလိုပါဘုရား)။

အနန္တရပစ္စယော = အခြားမရှိ၍ ကျေးဇူးပြုတယ် . . . (မှန်ပါဘုရား)။

ရှေ့ပြေး သမ္မာဒိဋ္ဌိက နောက်သမ္မာဒိဋ္ဌိကို . . . (အခြားမရှိကျေးဇူးပြုပါတယ် ဘုရား)။

ဒါ . . .ဘုရားဟောချည့်ပဲ ကိုဝ ရဲ့ . . . ခင်ဗျားတို့လည်း ညရွှတ်ချင်လဲ ရွှတ်နေတဲ့ လူတွေပါ . . . (မှန်ပါဘုရား)၊ ကိုပေါ်တို့ကကော . . . (ရွှတ်တတ်ပါတယ်ဘုရား)။

ရွှတ်ပေမယ့် ခင်ဗျားတို့ ရွှတ်တာရှိတာကိုး . . . (မှန်ပါ)၊ ခင်ဗျားဥစ္စာက၊ ရှေ့ပြေးသမ္မာဒိဋ္ဌိတော့ မလုပ်ဘဲနဲ့ သူ့ဟာသူ

အင်း အနန္တရပစ္စယော အခြားမရှိဘူးတဲ့ဟော့ . . . ဘယ်သူနဲ့ ဘယ်သူတုံး မပြောတတ်ပါဘူး၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## ရှေ့ပြေးသမ္မာဒိဋ္ဌိ ပြီးရင်

အဲ . . . ကိုယ်လုပ်နေတဲ့အခါကျတော့ ငါ ဖြစ်ပျက်ကို မြင်ပြီဆိုတာ . . . ရှေ့ပြေး သမ္မာဒိဋ္ဌိရပြီ၊ အနန္တပစ္စည်းရပြီ . . . (မှန်ပါ)၊ ဒီပစ္စည်းသည်ကားလို့ဆိုရင် များများရလို့ရှိရင်ဖြင့် . . . "အနန္တရပစ္စယုပ္ပန်" ဆိုတဲ့ မဂ်သမ္မာဒိဋ္ဌိ၊ မောင်နိုင် . . . လာမှာလား . . . (လာမှာပါဘုရား)။

## နောက်သမ္မာဒိဋ္ဌိလိုက်မယ်

ဘာကြောင့်တုံး . . . ရှေ့သမ္မာဒိဋ္ဌိပြီးရင် . . . (နောက်သမ္မာဒိဋ္ဌိ လာရပါမယ်)၊ နောက်သမ္မာဒိဋ္ဌိ လိုက်မယ်ဆိုတာ မသေချာသေးဘူးလား . . . (သေချာပါတယ်ဘုရား)။

အဲဒီတော့ ဆုတောင်းအလုပ်လားတဲ့၊ အစဉ်အတိုင်း လုပ်ရမည့် အလုပ်လား . . . (အစဉ်အတိုင်းလုပ်ရမည့်အလုပ်ပါဘုရား)။

ဆုတောင်းမပါဘူး ဒီအထဲမှာ ...(မှန်ပါ)၊ အစဉ်
အတိုင်းသာ လုပ်လို့ဆိုတာ သတိပေးလိုက်တယ် ...(မှန်ပါ)။

## မြင်တဲ့ဒုက္ခတွေဆုံးသွားရင်နိဗ္ဗာန်

အဲဒီတော့ ဝေဒနာကြိုက်လို့ရှိရင်၊ ဝေဒနာကို သင်္ခါရဒုက္ခ မြင်အောင်ကြည့်ကြ...(မှန်ပါ)၊ စိတ်ကြိုက်လို့ရှိရင် စိတ်၏ သင်္ခါရဒုက္ခကို ...(မြင်အောင်ကြည့်ရပါမယ်ဘုရား)။

အဲဒီမြင်တဲ့ ဒုက္ခအဆုံးမှာ၊ ဒီမြင်တဲ့ဒုက္ခတွေ ဆုံးသွားလို့ရှိရင် နိဗ္ဗာန်တွေ့မှာပဲ ...(မှန်ပါ)၊ မတွေ့ပေဘူးလား ...(တွေ့ပါတယ်)၊ ရှင်းပလား ...(ရှင်းပါပြီဘုရား)။

**တဲ ...ယနေ့ ဒီတွင် တော်ကြဦးစို့။**

**သာဓု ... သာဓု ... သာဓု**